# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်ကျော် (၁၃)ရက် ၊ အင်္ဂါနေ့ ၊ (11-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၀၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု(ဗဟိုအဆင့်) အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု(ဗဟိုအဆင့်) အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၁၀**

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်) အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၁ (MICC-1)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားပြီး ကျောင်းကျန်းမာရေး လုပ်ငန်းများတွင် ထူးချွန်ဆုရရှိကြသည့် ကျောင်းများကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်သမ္မတသည်အခမ်းအနား ကျင်းပမည့် **စာမျက်နှာ ၁၆ ကော်လံ ၁**

## လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟသ်ၤာတမြို့နယ်၊ ရေကြည်မြို့နယ်၊ ကျုံပျော်မြို့နယ်၊ ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ ရေကျဆင်းသွားသည့်နေရာများကို သန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုဖြစ်ပွားခဲ့သဖြင့် ယနေ့ထိ လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်း လမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၂၁ ရွာ၊ ဟသ်ၤာတမြို့နယ်တွင် ကျေးရွာ ၃၇ ရွာ၊ ရေကြည်မြို့ပေါ်ရပ်ကွက် နှစ်ခု၊ ပတ်ဝန်းကျင်ကျေးရွာ ၁၉ ရွာ၊ ငသိုင်းချောင်းမြို့ မြို့ပေါ်ရပ်ကွက် နှစ်ခု၊ ကျုံပျော်မြို့နယ်တွင် ကျေးရွာ ခြောက်ရွာ စုစုပေါင်း မြို့ပေါ်ရပ်ကွက် ကိုးခုနှင့် ကျေးရွာ ၁၈၃ ရွာသို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သည်။

ထို့ကြောင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ **စာမျက်နှာ ၂၂ ကော်လံ ၁** ❑



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ထိုင်းနှင့်မလေးရှားနိုင်ငံတို့မှ ကမ္ဘာလှည့်ခရီးသွား ဓာတ်ပုံပညာရှင်များ မြန်မာ့ကျေးလက်သဘာဝများ မှတ်တမ်းဓာတ်ပုံရိုက်ကူးလျက်ရှိ



**ညောင်ဦး ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံသား ကမ္ဘာလှည့်ခရီးသွားဓာတ်ပုံပညာရှင် ၁၂ ဦးတို့သည် မြန်မာ့ကျေးလက်သဘာဝများကို မှတ်တမ်းဓာတ်ပုံရိုက်ကူးလျက်ရှိကြောင်း သိရသည်။ **စာမျက်နှာ ၂၃ ကော်လံ ၄** ❍

## ဧရာဝတီမြစ်ရေ ပခုက္ကူမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၁၀**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ ပခုက္ကူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းနိုင်ရန် သတိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)

ရတနာပုံ
၂၀၂၆ ခုနှစ် ဩဂုတ် ၁၁ ရက်

အယ်ဒီတာ့အာဘော်

# သဘာဝဘေးသင့်ဒေသများကို စိတ်တူကိုယ်တူစုပေါင်းလှူ

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာမှု အစရှိသည့်အမျိုးမျိုးသော အကြောင်းအရာများကြောင့် ရေကြီးရေလျှံမှုကဲ့သို့ သဘာဝဘေးဒဏ်များ ကြုံတွေ့ရလေ့ရှိသည်။ ထိုသို့ သဘာဝဘေးဒဏ်များရှိလာချိန်တွင် ထိခိုက်ပျက်စီးမှုများ လျော့နည်းလာစေရေး မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံး၏အဓိကရည်မှန်းချက်ဖြစ်သည့် ဘေးဒဏ်များမှ ကြံ့ကြံ့ခိုင်ခိုင်ရမည်ဟူသည့် အနေအထားထိရောက်အောင် အားလုံးအတူတကွ ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေးမျက်နှာမြို့နယ် ဝေနံတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှတစ်ဆင့် ထူးပေါက်ပြီး ရေဖြတ်သန်းစီးဆင်းခြင်းကြောင့် တာတမံနိမ့်ကျရေကျော်စီးဝင်ခဲ့၍ လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာ ၁၃၈ ရွာမှ အိမ်ထောင်စုကိုးထောင်ကျော်၊ လူဦးရေသုံးသောင်းကိုးထောင်ကျော် ရေဘေးသင့်ခဲ့ရသည်။ အဆိုပါရေဘေးသင့်ဒေသတွင် ရှာဖွေကယ်ဆယ်ရေး၊ ဘေးလွတ်ရာသို့ပြောင်းရွှေ့ပေးရေး၊ စားနပ်ရိက္ခာများထောက်ပံ့ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ မြစ်ရေတိုက်စားပြိုကျမှုမှကာကွယ်ပေးခြင်းတို့ကို နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုနှင့်အတူ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

လက်ရှိဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၈ ရက်တွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။ အလှူငွေပေးအပ်လှူဒါန်းပွဲတွင် လာရောက်လှူဒါန်းကြသည့် အလှူရှင်များသည် ဧရာဝတီတိုင်းဒေသကြီးသာမက အခြားဒေသမှ စေတနာရှင်ပြည်သူများကပါ လှူဒါန်းခဲ့ကြရာ အလှူငွေကျပ် ၂၃ ဒသမ ၃၂၄ ဘီလီယံ ကျော်ကို ပေးအပ်လှူဒါန်းခဲ့သည်။ သဘာဝဘေးကြုံတွေ့ရသည့်အခါတိုင်း မြန်မာနိုင်ငံအနှံ့မှ ပြည်သူများအနေဖြင့် ဘေးသင့်သူများကို စိတ်ကူကိုယ်တူ စုပေါင်းလှူဒါန်းကူညီကြသည်။ ပေးကမ်းခြင်းဆိုသည်မှာ ပစ္စည်းတန်ဖိုးထက် မေတ္တာတန်ဖိုးကိုပိုမိုမြင့်မားစေပြီး လူမှုအသိုင်းအဝိုင်းကိုလည်း ပိုမိုနွေးထွေးခိုင်မာစေသည့် အင်အားတစ်ရပ်ဖြစ်လာစေသည်။

မိမိတို့ မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့ရှိသည့်အတိုင်းအတာများဖြင့် လှူဒါန်းလိုသည့်စိတ်များ၊ ကူညီလိုသည့်စိတ်များ ကိုယ်စီရှိသည်ကို ဂုဏ်ယူဖွယ်တွေ့မြင်ရပြီး ထိုသို့လှူဒါန်းမှုများ၏ စေတနာသဒ္ဓါတရားများ၏အကျိုးကို မုချခံစားရမည်ဖြစ်သည်။ မွန်မြတ်သည့်စိတ်ကိုအရင်းခံ၍ လှူဒါန်းခြင်းဖြစ်သဖြင့် ကောင်းမွန်သည့်အကျိုးကို မလွဲမသွေခံစားရမည်ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခံရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်လှူဒါန်းသည့်အလှူရှင်များသည်လည်း စေတနာအရင်းခံ၍ လှူဒါန်းခြင်းဖြစ်သဖြင့် ဗုဒ္ဓဘာသာအယူအဆအရလည်း ကောင်းမွန်သည့်ဆောင်ရွက်မှုဖြစ်၍ ကောင်းမွန်သည့်အကျိုးရလဒ်များကို ပြန်လည်ခံစားရမည်ဖြစ်သည်။ မိမိတို့မြန်မာလူမျိုးများ၏ နှလုံးသားထဲတွင် "လှူလျှင်မလျော့ မှုလျှင်မကုန်"ဟူသောစိတ်ဓာတ်သည် အမြဲရှင်သန်နေတတ်ကြသည်။ မိမိတွင် အနည်းငယ်သာရှိစေကာမူ လိုအပ်နေသူများကို မျှဝေပေးရန် ဝန်မလေးကြသည်မှာလည်း မြန်မာတို့၏ချီးကျူးဖွယ်ဓလေ့ဖြစ်သည်။ သဘာဝဘေးကြုံတွေ့ရသည့်အခါတိုင်း မြန်မာနိုင်ငံအနှံ့မှ ပြည်သူများအနေဖြင့် သဘာဝဘေးသင့်သူများအတွက် စိတ်တူကိုယ်တူစုပေါင်းလှူဒါန်းကူညီမှုကို သာဓုအကြိမ်ကြိမ်ခေါ်ဆိုမိပါကြောင်း ရေးသားလိုက်ရပေသည်။

# ပျော်ဘွယ်မြို့နယ် ဖွဲ့သင်းကျေးရွာ၌ Smart Village စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပျော်ဘွယ် ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွဲ့သင်းကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်း(Smart Village) မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များနှင့် ကျေးရွာမှ ပူးပေါင်းဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသောကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ပျော်ဘွယ်မြို့နယ် ဖွဲ့သင်းကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းရန်ပုံငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကဏ္ဍအလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ဗန်းမောက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၃၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၃၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဗန်းမောက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၂၆၉၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၂၃၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဗန်းမောက်မြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၂၆၉၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၃၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့ သီးနှံတွေစိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း အုန်းသီးအနု အလုံးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး ဩဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း အုန်းသီးအနုအလုံးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီမော်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပို့ခဲ့သည့် ဇွန်လအတွင်းက အုန်းသီးအနုအလုံးရေ ၄၀၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း အုန်းသီးအနုအလုံးရေ ၅၅၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့ရသည့် အုန်းသီးအနုအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၉၆၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ထွက်တဲ့အုန်းသီးတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချပါတယ်။ ဇူလိုင်လထဲမှာ အုန်းအနုအလုံးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဩဂုတ်လထဲမှာလဲ အုန်းသီးအနုတွေ ဝယ်ယူဖို့ချိတ်ဆက်ထားပါတယ်။ အခုလို အုန်းသီးအနုတွေ ဝယ်လိုအားတက်လာတဲ့အတွက် စိုက်ပျိုးတဲ့သူတွေအနေနဲ့ အုန်းသီးတွေကို ရင့်တဲ့ထိစောင့်စရာမလိုဘဲ ဝင်ငွေရရှိနေပါတယ်" ဟု ဘိုကလေးမြို့နယ် အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီမော်က ပြောပြ၍သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ပြင်ဦးလွင်မြို့နယ် အင်းပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပြင်ဦးလွင် ဩဂုတ် ၁၀

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် စေရန် ရည်ရွယ်၍ ရွေးသင်းကျေးရွာအုပ်စု အင်းပုတ်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသွယ်မျိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလ သတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးအရာရှိက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၈၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အင်းပုတ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၈၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သော်ဇင်ထူး**

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၂၉၂၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကျွန်းလှ ဩဂုတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၂၉၂၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ စပါး ၃၄၁၀၁ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါ မိုးစပါးစိုက်ပျိုးမှုကို ဇူလိုင်လ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၂၉၂၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ စပါးဧက ၃၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက် ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်" ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်းနှီးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျ သုံးစွဲခြင်း စသည့်နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

# ငါန်းဇွန်မြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ငါန်းဇွန် ဩဂုတ် ၁၀

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဝင်းကျော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃ ဒသမ ၂၅ သန်းဖြင့် စိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ရွာသစ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၇ဦးကို ရန်ပုံငွေကျပ် ၃ ဒသမ ၂၅သန်း ထုတ်ချေးပေးထားကြောင်း ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဝင်းကျော်ထံမှ သိရသည်။

**အောင်ရဲကျော်**

# သာစည်မြို့နယ် အိုင်ဒွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

သာစည် ဩဂုတ် ၁၀

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အိုင်ဒွန်းကျေးရွာနှင့် ပေါက်ချောင်းကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၉ ရက်က အိုင်ဒွန်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က အတိုးနှုန်းနှင့် ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၀ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အိုင်ဒွန်းကျေးရွာနှင့် ပေါက်ချောင်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၈ ဦးကို ရန်ပုံငွေကျပ် ၅၀ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

အိမ်မဲ ဩဂုတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင် အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ဌေးက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပဲအမျိုးမျိုးအပါအဝင် လယ်ယာထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိရာ ဇွန်လအတွင်းက ပဲတီစိမ်း ၁၆ ပြည်ဝင် အိတ်ရေ ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင် အိတ်ရေ ၄၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"အိမ်မဲမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဇူလိုင်လအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင် အိတ်ရေ ၄၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ဒေသထွက် ပဲတီစိမ်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ပဲတီစိမ်းတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းလာတာကြောင့် တင်ပို့ရောင်းချအား ကောင်းလာတာဖြစ်ပါတယ်။ အရင်လတွေကထက် ဇူလိုင်လမှာ ပဲတီစိမ်းတွေ ရန်ကုန်ဈေးကွက်ကို ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ အခုလို ပဲတီစိမ်းတွေ တင်ပို့ရောင်းချအား ကောင်းလာတာကြောင့် တောင်သူတွေ၊ ပွဲရုံပိုင်ရှင်တွေ အလုပ်အကိုင် အဆင်ပြေနေပါတယ်"ဟု အိမ်မဲမြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ဌေးက ပြောပြသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ပဲတီစိမ်း ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၈၅၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ပဲတီစိမ်းများ တင်ပို့ရောင်းချအား ကောင်းလာခြင်းကြောင့် တောင်သူများ၊ ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဘဝတစ်သက်တာအတွက် ဗီတာမင် အပိုင်း(၁၄)

ပါမောက္ခကိုကိုအောင်




**Before taking any supplements or dietary additions, it is necessary to consult with a doctor or a nutritionist. By getting a blood test done in advance for consulta–tion, you can identify the specific types and amounts of vitamins that are lacking.**

**Prof. Ko Ko Aung**

**ခန္ဓာကိုယ်အတွက် ဗီတာမင် ချိန်ညှိခြင်း**

ခန္ဓာကိုယ်အတွက် ဗီတာမင်ဓာတ်များကို စနစ်တကျထိန်းညှိခြင်းသည် ဘဝတစ်သက်တာ ကျန်းမာရေးအတွက် အလွန်အရေးကြီးသော နိစ္စဓူဝ အလုပ်ဖြစ်သည်။ ဗီတာမင်ဓာတ်များရရှိရန် အဓိက အားဖြင့် နည်းလမ်းသုံးသွယ်ရှိသည်။

**(က) သဘာဝ အစားအစာများမှ ရယူခြင်း**

သဘာဝအစားအစာများမှ ဗီတာမင်များကို ရယူဖြည့်ဆည်းနိုင်ရေးအတွက် ယေဘုယျသဘော လွယ်လင့်တကူ မှတ်သားထားသင့်သည့် ဗီတာမင်ပြည့်ဝသောအစားအစာများ –

| | | |
|---|---|---|
| ဗီတာမင် A အုပ်စု | – | ကန်စွန်းဥ၊ မုန်လာဥနီ၊ ဟင်းနုနယ် |
| ဗီတာမင် B အုပ်စု | – | ဆန်၊ ဆန်လုံးညို၊ ကြက်ဥ၊ အသား၊ ပဲမျိုးစုံ |
| ဗီတာမင် C အုပ်စု | – | ချဉ်သော အသီးများ၊ ငရုတ်ပွ၊ ပန်းဂေါ်ဖီ |
| ဗီတာမင် D အုပ်စု | – | ဆယ်လမွန်ငါး၊ဥအမျိုးမျိုး၊ နို့ထွက်ပစ္စည်း |
| ဗီတာမင် E အုပ်စု | – | ထောပတ်သီး၊ ဗာဒံစေ့၊ နေကြာစေ့ |
| ဗီတာမင် K အုပ်စု | – | အစိမ်းရောင် ဟင်းသီးဟင်းရွက်များ |
| PQQ | – | လိမ္မော်သီး၊ ၄က်ပျောသီး၊ ပဲမျိုးစုံ၊ ပဲပိစပ်၊ ကြက်သွန်ဖြူ၊ လက်ဖက်စိမ်းခြောက်၊ မုန်လာဥနီ၊ ဟင်းနုနယ် |

**( ခ ) နေရောင်ခြည်မှ ရယူခြင်း**

တစ်ရက်လျှင် ၁၅ မိနစ်မှ မိနစ် ၂၀ ခန့်ထိ နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းဖြင့် ခန္ဓာကိုယ်အတွက် လိုအပ်သောဗီတာမင် D ကို အခမဲ့ ရယူဖြည့်ဆည်းနိုင်သည်။

နံနက် ၁၀ နာရီမတိုင်မီနှင့် ညနေ ၄ နာရီ နောက်ပိုင်းအချိန်များတွင် လက်မောင်းရင်းမှ လက်ဖျားထိနှင့် ဒူးခေါင်းမှ ခြေဖျားထိ နေရောင်ဖြင့်တိုက်ရိုက်ထိတွေ့ပေးခြင်းသည် ဗီတာမင် Dကို ရယူရန်အတွက် အကောင်းဆုံးနည်းလမ်းဖြစ်သည်။

**( ဂ ) ဖြည့်စွက်ဆေးနှင့် ဖြည့်စွက်စာများ သောက်သုံးခြင်း**

ဗီတာမင် လိုအပ်ချက်ရှိနေခြင်းကြောင့် ဖြည့်စွက်ဆေးနှင့် ဖြည့်စွက်စာများကို သောက်ရန် လိုအပ်လာသည့်အခါ မိမိသဘောဖြင့် သောက်သုံးခြင်းမပြုဘဲ ဆရာဝန်၏ ညွှန်ကြားချက်ဖြင့်သာ သောက်သုံးခြင်းက ဘေးထွက်ဆိုးကျိုးကင်းသော အာဟာရချိန်ညှိမှုကို ရရှိနိုင်မည်ဖြစ်သည်။

ဆရာဝန်၏ညွှန်ကြားချက် ပမာဏထက်ပိုပြီး သောက်သုံးခြင်းကိုလည်း ရှောင်ကြဉ်ရန်လိုအပ်သည်။

**ဗီတာမင်စုပ်ယူမှုကို အားကောင်းစေခြင်း**

အဆီတွင် ပျော်ဝင်သော ဗီတာမင်များဖြစ်ကြသည့် ဗီတာမင် A၊ ဗီတာမင် D၊ ဗီတာမင် E နှင့် ဗီတာမင် K တို့ကို ဆီဖြင့်ချက်ပြုတ်ကြော်လှော်ခြင်း သို့တည်းမဟုတ် အဆီဓာတ်အနည်းငယ်ပါသော အစားအစာနှင့် တွဲဖက်စားသုံးရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာလျှင် ခန္ဓာကိုယ်က အဆိုပါ ဗီတာမင် လေးမျိုးကို လက်ခံရရှိနိုင်မည်ဖြစ်သည်။

ဗီတာမင် C က သံဓာတ်စုပ်ယူမှုကို မြင့်တက်စေပြီး ကဖင်းဓာတ်နှင့် အရက်တို့ကမူ ဗီတာမင်စုပ်ယူမှုကို ဟန့်တားကြသည်ကိုလည်း သိရှိထားကြရန် လိုအပ်မည်ဖြစ်သည်။

**သတိပြုရန် အချက်များ**

ဗီတာမင်များလွန်ကဲခြင်းက ကျန်းမာရေးကို ထိခိုက်စေနိုင်သည့်အပြင် ဆေးဝါးများနှင့်လည်း ဓာတ်ပြုမှုရှိနိုင်သဖြင့် ဆရာဝန်ကို ကြိုတင်အသိပေးရန်လိုအပ်သည်။

ကိုယ်ဝန်ဆောင် မိခင်လောင်းများနှင့် ကလေးနို့တိုက်မိခင်များသည် အာဟာရနှင့် ကျန်းမာရေး ချိန်ညှိမှုအတွက် ဆရာဝန်၏အကြံပေးချက်ကို လိုက်နာကြရန် လိုအပ်မည်ဖြစ်သည်။

**တစ်ရက်တာ စားသုံးမှု နမူနာပုံစံ**

| | | |
|---|---|---|
| နံနက်စာ | – | ကြက်ဥတစ်လုံး၊ လတ်ဆတ်သော သစ်သီးဖျော်ရည် |
| နေ့လယ်စာ | – | ဟင်းသီးဟင်းရွက်များ ပါဝင်သောအရွက်စုံသုပ်နှင့် အသား သို့မဟုတ် ငါးတစ်မျိုးမျိုး |
| ညနေစာ | – | ပဲပြား၊ ဟင်းနုနယ်ကြော်၊ ချက်၊ ထမင်း |
| သရေစာ | – | ဒိန်ချဉ်၊ ဗာဒံစေ့ |

**အကြံဉာဏ်ရယူပါ**

မည်သည့်ဖြည့်စွက်စာနှင့် ဖြည့်စွက်ဆေးကိုမဆို မသောက်သုံးမီ ဆရာဝန် သို့မဟုတ် အာဟာရပညာရှင်နှင့် တိုင်ပင်ရန် လိုအပ်သည်။ တိုင်ပင်နိုင်ရန်အတွက် သွေးစစ်ဆေးမှုကို ကြိုတင် လုပ်ဆောင်ခြင်းဖြင့် လိုအပ်နေသော ဗီတာမင် အမျိုးအစားနှင့် ဗီတာမင်ပမာဏကို သိရှိနိုင်သည်။ ဆရာဝန် သို့မဟုတ် အာဟာရပညာရှင်နှင့် တိုင်ပင်ပြီး အကြံဉာဏ်ရယူရာတွင် ပုံမှန်စားသုံးနေသောအစားအစာများ၏ ရက်သတ္တတစ်ပတ်စာ မှတ်တမ်းကို ကြိုတင်ပြုစုသွားရန်လည်း လိုအပ်မည်ဖြစ်သည်။

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၂၄၇၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မုံရွာ ဩဂုတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၂၄၇၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၅၉၉၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၄၇၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းတိုင်းဒေသကြီးမှာ ငရုတ် ဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့မှာ ၂၄၇၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ငရုတ်စိုက်ပျိုးမှုတွေကတော့ အခြေအနေကောင်းမွန်ပါတယ်။ ငရုတ်ကို စီးပွားဖြစ်စိုက်ပျိုးကြဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ခရိုင်အလိုက် ငရုတ်စိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၄၂ ဧက၊ ခန္တီးခရိုင်တွင် ၆၈ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၃၃၆ ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၈၀၁ ဧက၊ မုံရွာခရိုင်တွင် ၄၂၂ ဧက၊ ယင်းမာပင်ခရိုင်တွင် ၂၃၁ ဧက၊ ရွှေဘိုခရိုင်တွင် ၁၃၂ ဧက၊ ရေဦးခရိုင်တွင် ၁၂၁ ဧက၊ ကန့်ဘလူခရိုင်တွင် ၂၇ ဧက၊ စစ်ကိုင်းခရိုင်တွင် ၁၇၅ ဧက၊ ကသာခရိုင်တွင် ၉၅ ဧက၊ ကောလင်းခရိုင်တွင် ၂၁ ဧက စုစုပေါင်း ၂၄၇၁ ဧက ဖြစ်ကြောင်း၊ ခရိုင်အလိုက် ငရုတ်စိုက်ပျိုးရန်လျာထားမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၄၅ ဧက၊ ခန္တီးခရိုင်တွင် ၆၈ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၃၀၉ ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၇၅၆ ဧက၊ မုံရွာခရိုင်တွင် ၁၄၅၂ ဧက၊ ယင်းမာပင်ခရိုင်တွင် ၁၀၉၅ ဧက၊ ရွှေဘိုခရိုင်တွင် ၁၄၅ ဧက၊ ရေဦးခရိုင်တွင် ၂၃၈ ဧက၊ ကန့်ဘလူခရိုင်တွင် ၁၅ ဧက၊ စစ်ကိုင်းခရိုင်တွင် ၁၇၃၁ ဧက၊ ကသာခရိုင်တွင် ၁၀၉ ဧက၊ ကောလင်းခရိုင်တွင် ဧက ၃၀ စုစုပေါင်း ၅၉၉၃ ဧက ဖြစ်ကြောင်း သိရသည်။

ငရုတ်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ငရုတ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ကဗျာ

# ဝေ

- ပန်းတစ်ပွင့်ကို<br>လှမ်းခွင့်ပိုင်ပိုင် ခူးခြွေနိုင်၍<br>ဆုပ်ကိုင်ဖဲ့ခြွေ မွမွကြေလည်း<br>ဝေသည့်ရနံ့ မွှေးထုံပျံ့ကို<br>ဟန့်တားခြင်းငှာ မစွမ်းသာသို့။

- အာဠဝက<br>နာမပေါ်လွင် ကမ္ဘည်းတင်ရ<br>သခင်ထိပ်သီး ဘိုးလှကြီးတဲ့<br>ဖမ်းဆီးနိုင်စား သူတို့တားလည်း။

- နယ်လုံးတုန်မျှ<br>ဂဠုန်ဘွဲ့ခံ ဆရာစံတဲ့<br>မျိုးမာန်ထက်သည့် စွမ်းသတ္တိကို<br>ဖိနှိပ်နင်းခြေ ဘယ်သို့ကြေလည်း။

- ကျွန်အဖြစ်၌<br>နွံနစ်မခံ လုပ်ရပ်စံနှင့်<br>နိုင်ငံချစ်စိတ် မျိုးချစ်စိတ်တို့<br>စိတ်ရောင်တောက်ပ ပုံရိပ်လှခဲ့<br>စသည်စသည် အာဇာနည်တို့<br>ဖြစ်တည်သမိုင်း ဂုဏ်အလှိုင်းကား<br>ပြည်တိုင်းတစ်ခွင် မြန်မာ့ရင်၌<br>စွဲထင်မွှေးသန့် လူးလာပျံ့လျက်<br>ခံ့ထည်စံပြု လေးမြတ်မှုဖြင့်<br>ယခုထိတိုင် ကြိုင်လှိုင်ဆဲ။<br>ဘယ်သူဖျောက်၍ ပျောက်မှာလဲ။ ။

ချစ်စုအောင်

# မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးကေအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်



မြောင်းမြ ဩဂုတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၆၅၇၃၈ ကေ စိုက်ပျိုးရန် လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်းမြမြို့နယ်မှာ စပါးကေ ၁၆၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ ကေအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ စပါးစိုက်ကေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ စိုက်နည်းစနစ်မှန်ကန်ဖို့၊ ပိုးမွှားရောဂါကင်းရှင်းဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ငွေးမြင့်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးများ အထွက်နှုန်းကောင်းမွန်ရေး၊ စိုက်ကေ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ငွေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# ပဲခူးမြို့နယ် ကိုင်းတာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပဲခူး ဩဂုတ် ၁၀

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကိုင်းတာကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၄ သိန်း ၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကိုင်းတာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦးကို ငွေကျပ် ၃၁ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ၃ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သုတ

# ပြင်ဦးလွင်မြို့နယ် ပိန္နဲကုန်း(မြောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

ပြင်ဦးလွင် ဩဂုတ် ၁၀

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပိန္နဲကုန်း(မြောက်) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးစီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန် မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးမည်ဖြစ်ကြောင်း မိတ်ဆက်ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်က ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ချိုသန်းညွန့်

## တားတပ်စ်နှင့် မေမင်းစစ်စခန်းများဆိုင်ရာ နားလည်မှုစာချွန်လွှာ ရုရှားနှင့်ဆီးရီးယား ရယူ

**ဒမတ်စကတ်စ် ဩဂုတ် ၁၀**

တားတပ်စ်နှင့် မေမင်းဒေသတို့ရှိ ရုရှားစစ်အခြေစိုက်စခန်းများ၏ အနာဂတ်နှင့် ပတ်သက်၍ နားလည်မှု စာချွန်လွှာတစ်ရပ်ကို ရုရှားနှင့် ဆီးရီးယားနိုင်ငံတို့ရယူထားကြောင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ဩဂုတ် ၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ နားလည်မှုစာချွန်လွှာကို နှစ်နိုင်ငံတာဝန်ရှိသူများအကြား ၁၈ လကြာ ဆွေးနွေးပြီးနောက် အဆိုပါနားလည်မှုစာချွန်လွှာကို ရုရှားနှင့် ဆီးရီးယားတို့က ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ နားလည်မှုစာချွန်လွှာအရ မေမင်းလေဆိပ်နှင့်တားတပ်စ်ဆိပ်ကမ်းမှ အရပ်ဘက်ဆိပ်ခံတံတားအပါအဝင် အရပ်ဘက်အဆောက်အအုံများကို ဆီးရီးယားနိုင်ငံက လက်လွှဲရယူမည်ဖြစ်သည်။

ရုရှား၏ မေမင်းလေတပ်စခန်းနှင့် တားတပ်စ်ရေတပ်စခန်းတို့ကို ရုရှားနှင့် ဆီးရီယားနှစ်နိုင်ငံပူးတွဲလေ့ကျင့်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး အခြေစိုက်စခန်းများအဖြစ် ထားရှိမည်ဖြစ်ကြောင်း ဆီးရီးယား နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆီးရီးယားနိုင်ငံ တားတပ်စ်ရေတပ်စခန်းနှင့် မေမင်းလေတပ်စခန်းတို့သည် မြေထဲပင်လယ်ဒေသနှင့် အရှေ့အလယ်ပိုင်းဒေသတို့ရှိ ရုရှား၏အဓိကစစ်အခြေစိုက်စခန်းများ ဖြစ်ကြသည်။

သို့ရာတွင် ဆီးရီးယားသမ္မတဟောင်း အာဆတ် ရာထူးမှ ဖြုတ်ချခံခဲ့ရပြီးနောက် ထိုစစ်စခန်းနှစ်ခု၏ အနာဂတ်အတွက် ရုရှားနှင့် ဆီးရီးယားအစိုးရတို့ကြား ပြန်လည်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ရကြောင်း သိရသည်။

Ref : RT

Trs : KKO

## တောင်ကိုရီးယားနှင့် အမေရိကန် နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှု ဩဂုတ် ၁၇ ရက်တွင် စတင်မည်



**ဆိုးလ် ဩဂုတ် ၁၀**

တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့သည် နှစ်စဉ် နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဩဂုတ် ၁၇ ရက်မှ ၂၇ ရက်ထိ ပြုလုပ်မည်ဟု နှစ်နိုင်ငံတာဝန်ရှိသူများက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့ကြောင်းRT သတင်းဌာနက ဖော်ပြထားသည်။

ယခုနှစ် အာလ်ချီဖရီးဒမ်းရှီးလ် အဆိုပါ နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် မောင်းသူမဲ့ဒရုန်းယာဉ် တန်ပြန်စစ်ဆင်ရေးလေ့ကျင့်မှုများ၊ ဆိုက်ဘာတိုက်ခိုက်မှုများ တန်ပြန်ချေဖျက်ရေးလေ့ကျင့်မှုများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အာလ်ချီဖရီးဒမ်းရှီးလ် နှစ်နိုင်ငံပူးတွဲ စစ်ရေးလေ့ကျင့်မှုတွင် ခေတ်သစ် စစ်ရေးပဋိပက္ခများ၏ ပြောင်းလဲလာသော လက္ခဏာရပ်များကိုထင်ဟပ်နေသော စစ်ရေးလေ့ကျင့်မှု ဖြစ်လာမည်ဖြစ်ကြောင်း အမေရိကန်တပ်မတော်တာဝန်ရှိသူများက ပြောကြားထားသည်။

နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် တောင်ကိုရီးယားတပ်ဖွဲ့ဝင်ဦးရေ ၁၈၀၀၀ ခန့် ပါဝင်မည်ဖြစ်ပြီး အမေရိကန်တပ်ဖွဲ့ဝင်အင်အားကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

တောင်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံကြား ဆက်ဆံရေးအခြေအနေများ တင်းမာနေဆဲတွင် အာလ်ချီဖရီးဒမ်းရှီးလ် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ပြုလုပ်ရန် တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့က စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ယူကရိန်းအရှေ့ပိုင်း ဒွန်းနက်ဒေသရှိ ကျေးရွာနှစ်ရွာကို ရုရှားတပ်များ ထိန်းချုပ်

**မော်စကို ဩဂုတ် ၁၀**

ယူကရိန်း အရှေ့ပိုင်းဒွန်းနက်ဒေသရှိ ကျေးရွာနှစ်ရွာကို ရုရှားတပ်ဖွဲ့ဝင်များ ထိန်းချုပ်နိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုကို ကိုးကား၍ ရုရှားမီဒီယာများက ဩဂုတ် ၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရုရှား ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ ရုရှားတပ်များသည် ကရာမာတော့ခ်မြို့အရှေ့ဘက်ကီလိုမီတာအနည်းငယ်အကွာရှိ ကျေးရွာတစ်ရွာနှင့် ဒရုဇ်ကစ်ဖ်ကာမြို့ အနောက်ဘက်ရှိ ကျေးရွာတစ်ရွာတို့ကို သိမ်းယူနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားထားသည်။

ရုရှား ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုပါပြောကြားချက်နှင့် ပတ်သက်၍ ယူကရိန်းတာဝန်ရှိသူများက တစ်စုံတစ်ရာတုံ့ပြန်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

ရုရှား ကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ ရုရှားတပ်များသည် ဒွန်းနက်ဒေသ၌ အနောက်ဘက်အရပ်သို့ စစ်ရေးအရ တဖြည်းဖြည်း ထိုးဖောက်ဝင်ရောက်နေသော်လည်း ရုရှားနှင့် ယူကရိန်းတို့ကြား အရှည် ၇၇၅ မိုင်ရှိသည့် ရှေ့တန်း မျဉ်းတစ်လျှောက် အပြောင်းအလဲများ နည်းပါးနေဆဲဖြစ်သည်။

ရုရှားတပ်များအနေဖြင့် ဒွန်းနက်ဒေသရှိ ကော့စတင်တိုင်နီမြို့ကိုလည်း ထိန်းချုပ်ထားနိုင်ပြီဟု ရုရှားတပ်မှူးများက ပြီးခဲ့သည့်လအတွင်း ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## တောင်းဆိုချက်များ လိုက်လျောမှုမရှိပါက ဟော်မုဇ်ရေလက်ကြား ဖွင့်ပေးမည်မဟုတ်ကြောင်း အီရန်ပြောကြား



**တီဟီရန် ဩဂုတ် ၁၀**

အီရန်အစိုးရ၏ တောင်းဆိုချက်များကို အမေရိကန်နိုင်ငံအနေဖြင့် လိုက်လျောမှုမရှိခဲ့ပါက ဟော်မုဇ်ရေလက်ကြားကို ပြန်လည်ဖွင့်လှစ်ပေးမည်မဟုတ်ကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်က ဩဂုတ် ၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဟော်မုဇ်ရေလက်ကြား ပြန်လည်ဖွင့်လှစ်ရေးအတွက် တောင်းဆိုချက်များစာရင်းကို အီရန်နိုင်ငံက ဩဂုတ် ၈ ရက်တွင် ထုတ်ပြန်ထားပြီးဖြစ်သည်။

အဆိုပါ တောင်းဆိုချက်များထဲတွင် စစ်ရေးပဋိပက္ခကာလ ပျက်စီးမှုများအတွက် စစ်လျော်ကြေးပေးရန်၊ အီရန်နှင့် မဟာမိတ်များကို တိုက်ခိုက်မှုမှန်သမျှ ရပ်ဆိုင်းပေးရန်၊ အီရန်ဆိပ်ကမ်းများကိုပိတ်ဆို့ထားမှု ပြန်လည်ရုပ်သိမ်းပေးရန်၊ သိမ်းယူခံထားရသည့် အီရန်၏ပိုင်ဆိုင်မှုများကို ပြန်ပေးရန် စသည့်အချက်များ ပါဝင်သည်။

အမေရိကန်အနေဖြင့် အဆိုပါ တောင်းဆိုချက်များကို လိုက်လျောခြင်းမရှိပါက ဟော်မုဇ်ရေလက်ကြားကို ပြန်လည်ဖွင့်လှစ်ပေးမည်မဟုတ်ကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်၏ ကြေညာချက်၌ ဖော်ပြထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဆော်ဒီအာရေဗျ၌ ဆိုဖာထုတ်လုပ်ရေးစက်ရုံမီးလောင် ဘင်္ဂလားဒေ့ရှ် ရွှေ့ပြောင်းအလုပ်သမား ၁၆ ဦးသေဆုံး

**ဒါကာ ဩဂုတ် ၁၀**

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့ရှိ ဆိုဖာထုတ်လုပ်ရေးစက်ရုံတစ်ရုံ မီးလောင်မှုဖြစ်ပွားခဲ့ရာ ဘင်္ဂလားဒေ့ရှ်ရွှေ့ပြောင်း အလုပ်သမား ၁၆ ဦး သေဆုံးခဲ့ရကြောင်း ဘင်္ဂလားဒေ့ရှ် တာဝန်ရှိသူများက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

မူဆာ ဆာနိုင်ယာ စက်မှုဇုန်၌တည်ရှိသော အဆိုပါဆိုဖာထုတ်လုပ်ရေးစက်ရုံ မီးလောင်မှုသည် ဩဂုတ် ၉ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဆိုဖာထုတ်လုပ်ရေး စက်ရုံမီးလောင်မှု ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း အခြေအနေအရပ်ရပ်ကို ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာနက စောင့်ကြည့်လျက်ရှိသည်။

ရီယာ့ဒ်မြို့ ဆိုဖာထုတ်လုပ်ရေးစက်ရုံမီးလောင်မှုကြောင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများ သေဆုံးခဲ့ရမှုကို ဘင်္ဂလားဒေ့ရှ်အစိုးရပြည်ပအလုပ်အကိုင် ဝန်ကြီးဌာနကလည်း အတည်ပြုထားသည်။

ဘင်္ဂလားဒေ့ရှ် ပြည်ပအလုပ်အကိုင်ဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ ဆော်ဒီအာရေဗျနိုင်ငံ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၃ ဒသမ ၅ သန်းခန့် နေထိုင်လျက်ရှိပြီး ဘင်္ဂလားဒေ့ရှ် ရွှေ့ပြောင်းအလုပ်သမားများ အများဆုံး သွားရောက်သည့် နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# လန်းစပေ့ကုမ္ပဏီက ကျူကေး-၃ ဒုံးပျံ ပထမအဆင့်ပင်မဒုံးယာဉ်ကို ပြန်လည်ရယူနိုင်ရေးအတွက် ဒုတိယအကြိမ် ထပ်မံကြိုးပမ်းမည်



ပေကျင်း ဩဂုတ် ၁၀

တရုတ်နိုင်ငံ အခြေစိုက် အာကာသ နည်းပညာကုမ္ပဏီ တစ်ခုဖြစ်သော လန်းစပေ့ကုမ္ပဏီသည် ကျူကေး-၃ ဒုံးပျံ ပထမအဆင့် ပင်မဒုံးယာဉ်ကို ပြန်လည်ရယူနိုင်ရေးအတွက် ဒုတိယအကြိမ် ထပ်မံကြိုးပမ်းမည်ဖြစ်ကြောင်း ဩဂုတ် ၉ ရက် သတင်းများအရ သိရသည်။

ကျူကေး-၃ ဒုံးပျံသည် ပထမအဆင့် ပင်မဒုံးယာဉ်ကို အကြိမ်ကြိမ် ပြန်လည်အသုံးပြုနိုင်ရန် ပုံစံထုတ် တည်ဆောက်ထားသော ဒုံးပျံဖြစ်သည်။

လန်းစပေ့ ကုမ္ပဏီသည် ကျူကေး-၃ ဒုံးပျံကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ပထမဆုံးအကြိမ် စမ်းသပ်လွှတ်တင်ခဲ့ရာ ဒုံးပျံ၏ထိပ်ဖူး ဒုံးယာဉ်သည် ကမ္ဘာပတ်လမ်းပေါ်သို့ အောင်မြင်စွာ ရောက်ရှိခဲ့သော်လည်း ပထမအဆင့် ပင်မဒုံးယာဉ်မှာ ပစ်စင်ရှိရာသို့ ပြန်လည်ဆင်းသက်ချိန်တွင် ပေါက်ကွဲပျက်စီးခဲ့ရသည်။

လက်ရှိအချိန်တွင် လန်းစပေ့ကုမ္ပဏီသည် ကျူကေး-၃ ဒုံးပျံကို ဒုတိယအကြိမ် စမ်းသပ်လွှတ်တင်၍ ပထမအဆင့် ပင်မဒုံးယာဉ်ကို ပြန်လည်ရယူရေးအတွက် ထပ်မံကြိုးပမ်းမည်ဖြစ်သည်။

ကျူကေး-၃ ဒုံးပျံကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ချိကွမ်း အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်မည်ဖြစ်သည်ဟု လန်းစပေ့ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ကိုယ်ထည်အလျား ၂၁၆ ပေရှိသော ကျူကေး-၃ ဒုံးပျံသည် စွမ်းဆောင်ရည်အရ စပေ့အိတ်ကုမ္ပဏီ၏ဖယ်လ်ကွန်-၉ ဒုံးပျံနှင့် အတူတူပင်ဖြစ်ပြီး အလေးချိန် ကီလိုဂရမ် ၁၈၃၀၀ ရှိသော ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# ပန်းသေပန်းညှိုးရောဂါ ကုသဆေးဝါးတစ်မျိုးက မျက်လုံးကွယ်နိုင်ခြေ မြင့်မားလာနိုင်

နယူးယောက် ဩဂုတ် ၁၀

ပန်းသေပန်းညှိုးရောဂါကို ကုသရာတွင်အသုံးပြုဆေးတစ်မျိုးသည် မျက်လုံးကွယ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

တရုတ်(တိုင်ပေ)နှင့် အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Tadalafil (Cialis)ခေါ် ပန်းသေပန်းညှိုး ရောဂါကုသဆေးတစ်မျိုး သုံးစွဲသူများတွင် မျက်လုံးရေတိမ်ရောဂါ (Glucoma)ဖြစ်နိုင်ခြေ ပုံမှန်ထက် မြင့်တက်လာပြီး မျက်လုံးကွယ်နိုင်ကြောင်း သိရသည်။

မျက်လုံးရေတိမ်ရောဂါသည် မျက်လုံးနှင့်ဦးနှောက်တို့ကို ချိတ်ဆက်ပေးထားသည့် အာရုံနာ့ဗ်ဆဲလ်များ ပျက်စီးချိန်တွင် ဖြစ်ပွားတတ်သည့် ရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။

သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Tadalafil ဆေးကို ရေရှည်သုံးစွဲမှုကြောင့် မျက်လုံးအတွင်းပိုင်း၌ ယာယီအားဖြင့် ဖိအားမြင့်တက်လာတတ်ပြီး အမြင်လွှာအာရုံ နာ့ဗ်ဆဲလ်များ တဖြည်းဖြည်း ပျက်စီးလာနိုင်ကြောင်း၊ တရုတ်(တိုင်ပေ)နှင့် အမေရိကန် သုတေသနပညာရှင်များသည် Tadalafil နှင့် အခြား ပန်းသေပန်းညှိုးရောဂါ ဆေးများ သုံးစွဲနေရသူများ ပါဝင်သည့် အသက် ၄၀ နှစ်အထက် အမျိုးသား ၇၃၈၅၄ ဦးတို့ကိုလေ့လာခဲ့ကြရာ လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ Tadalafil ဆေးသုံးစွဲသူများ၌ မျက်လုံးအတွင်းပိုင်းဖိအား ၃၃ ရာခိုင်နှုန်းထိ မြင့်မားလာနိုင်ကြောင်း သိရသည်။

Ref : Russia Today


Trs : KKO

# တရုတ်ဘူမိသိပ္ပံအကယ်ဒမီ ဘူမိဗေဒအင်စတီကျူမှ သုတေသနပညာရှင်များက လကမ္ဘာ၏ဘူမိမြေပုံသစ်ကို ရေးဆွဲဖန်တီးထား

ပေကျင်း ဩဂုတ် ၁၀

တရုတ်ဘူမိသိပ္ပံအကယ်ဒမီ ဘူမိဗေဒအင်စတီကျူမှ သုတေသနပညာရှင်များသည် လကမ္ဘာ၏ ဘူမိမြေပုံသစ်ကို ရေးဆွဲဖန်တီးထားကြောင်း ဩဂုတ် ၉ ရက် သတင်းများအရ သိရသည်။

အဆိုပါလကမ္ဘာဘူမိမြေပုံသစ်သည် နောက်ဆုံး လေ့လာတွေ့ရှိချက်များကိုအခြေခံ၍ တစ်အချိုးငါးသန်းစကေးဖြင့် တရုတ်သိပ္ပံပညာရှင်များက ရေးဆွဲထားခြင်းဖြစ်သည်။




အထက်ပါ လကမ္ဘာဘူမိမြေပုံသစ်သည် ယခင်မြေပုံများထက် ပို၍တိကျပြီး စနစ်ကျသော မြေပုံသစ်ဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် တရုတ်သိပ္ပံပညာရှင်များသည် ၎င်းတို့၏ လကမ္ဘာ ဘူမိမြေပုံသစ်၌ လကမ္ဘာ၏ ဘူမိခေတ်ကြီးသုံးခေတ်၏ သက်တမ်းကို ပြန်လည်ပြင်ဆင်ရေးဆွဲထားကြောင်း သိရသည်။

တရုတ် သိပ္ပံပညာရှင်များသည် ချန်အာ-၅ လဆင်းယာဉ်မှ ရရှိထားသော အချက်အလက်များကို အခြေခံ၍ လကမ္ဘာဘူမိမြေပုံသစ်ကို ရေးဆွဲခဲ့ခြင်းဖြစ်သည်။

လကမ္ဘာပေါ်တွင် လွန်ခဲ့သော နှစ်ပေါင်း နှစ်ဘီလီယံကထိ မီးတောင်လှုပ်ရှားမှုများရှိခဲ့ကြောင်း ချန်အာ-၅ လဆင်းယာဉ်က အတည်ပြုထားသည်။

ရှေးယခင်ကမူ လွန်ခဲ့သည့် နှစ်ပေါင်း သုံးဘီလီယံလောက်ထိ လကမ္ဘာပေါ်၌ မီးတောင်လှုပ်ရှားမှုများရှိခဲ့ကြောင်း နိုင်ငံတကာသိပ္ပံပညာရှင်များ လက်ခံထားသည်။

Ref : Xinhua News

Trs : KKO

# ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများစားသုံးမှုက GLP-1 ဆေးများထက် ကိုယ်အလေးချိန်လျှော့ချနိုင်

နယူးယောက် ဩဂုတ် ၁၀

ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံ အဓိကစားသုံးမှုသည် Ozempic ကဲ့သို့ GLP-1 အုပ်စုဝင်ဆေးများ သုံးစွဲမှုထက် ပို၍ကိုယ်အလေးချိန်ကို လျင်မြန်စွာလျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အသားနှင့်ငါးဖယ်ထုတ်ထားသော အဆီဓာတ်နည်းပါးသည့် အပင်ထွက်ဓာတ်စာများကို စားသုံးပါက စတင်စားသုံးပြီးလေးလအကြာတွင် ကိုယ်အလေးချိန် ၅ ဒသမ ၉ ကီလိုဂရမ်ထိ ကျဆင်းသွားနိုင်သည်။

နှိုင်းယှဉ်ကြည့်ပါက Ozempic နှင့် Wegovy ကဲ့သို့ GLP-1 အုပ်စုဝင် ကိုယ်အလေးချိန်လျှော့ချရေးဆေးများသုံးစွဲသူများတွင်မူ ဆေးစတင်သုံးစွဲပြီး ကိုးလအကြာမှသာ ကိုယ်အလေးချိန် ၆ ဒသမ ၉ ကီလိုဂရမ်ထိ ကျဆင်းသွားနိုင်သည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစားသုံးသူများသည် အသားငါး၊ ဥနှင့်နို့ထွက်ပစ္စည်းစားသုံးသူများထက် နေ့စဉ်ကယ်လိုရီစားသုံးမှုပမာဏ ၅၀၀ ပိုနည်းပါးသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် အသားအဓိကပါဝင်သော ဓာတ်စာများသည် စွမ်းအင်သိပ်သည်းဆ တစ်နည်းအားဖြင့် ကယ်လိုရီပါဝင်မှု ပမာဏပိုမြင့်မားကြောင်း သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# ယခုနှစ် မေလအတွင်း New Glenn ဒုံးပျံပေါက်ကွဲပျက်စီးမှု၏ အဓိကဖြစ်စဉ်က ဘီအီး-၄ ဒုံးအင်ဂျင် အောက်ဆီဂျင်အဆို့ရှင် ချို့ယွင်းမှုဖြစ်

ဝါရှင်တန် ဩဂုတ် ၁၀

ယခုနှစ် မေလအတွင်း New Glenn ဒုံးပျံပေါက်ကွဲပျက်စီးမှု၏ အဓိကဖြစ်စဉ်သည် ဘီအီး-၄ ဒုံးအင်ဂျင် အောက်ဆီဂျင်အဆို့ရှင် ချို့ယွင်းမှုဖြစ်သည်ဟု ဘလူးအော်ရီဂျင်ကုမ္ပဏီက ဩဂုတ် ၉ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် ယခုနှစ် မေလတွင် New Glenn ဒုံးပျံ၏ ဒုံးအင်ဂျင်ကို စမ်းသပ်ခဲ့ရာ အောင်မြင်မှုမရှိခဲ့ဘဲ ဒုံးပျံပေါက်ကွဲပျက်စီးခဲ့သည်။

New Glenn ဒုံးပျံပေါက်ကွဲမှုကြောင့် စမ်းသပ်မှုပြုလုပ်ခဲ့ရာ ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်း ဒုံးပစ်စင် အမှတ်-၃၆ လည်း ထိခိုက်ပျက်စီးခဲ့ရကြောင်း သိရသည်။

စုံစမ်းစစ်ဆေးမှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ New Glenn ဒုံးပျံပေါက်ကွဲမှုသည် ဘီအီး-၄ ဒုံးအင်ဂျင် တစ်လုံး၏ အောက်ဆီဂျင်အဆို့ရှင် ချို့ယွင်းမှုကြောင့် ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း ဘလူးအော်ရီဂျင်ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

New Glenn ဒုံးပျံ၏ပထမအဆင့် ပင်မကိုယ်ထည်တွင် ဘီအီး-၄ အမျိုးအစား ဒုံးအင်ဂျင် ခုနစ်လုံးတပ်ဆင်ထားရာ ၎င်းဒုံးအင်ဂျင်ခုနစ်လုံးက ထုတ်ပေးနိုင်သော တွန်းပင့်အားမှာ ပေါင်ချိန် ၆၄၀၀၀၀၀ ထိရှိကြောင်း ဘလူးအော်ရီဂျင်ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်းသိရသည်။

Ref : Russia Today

Trs : KKO

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ရာသီဝက်ကာလပြီးဆုံး ရာသီဝက်ချန်ပီယံအဖြစ် ISPE အသင်းရပ်တည်

**ရန်ကုန် ဩဂုတ် ၁၀**

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပထမအကျော့နောက်ဆုံးပွဲစဉ်ဖြစ်သည့် ပွဲစဉ်(၉)ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ပြီး ISPEအသင်းက ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ရာသီဝက် နောက်ဆုံးပွဲစဉ်ဖြစ်သည့် ပွဲစဉ်(၉)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်းတွင် ရတနာပုံအက်ဖ်စီ အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ကစားခဲ့ရာ သစ္စာအားမာန်အသင်းက သုံးဂိုး ဂိုးမရှိဖြင့်အနိုင်ရပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၆ မိနစ်တွင် ဝေဖူးအိန်၊ ပွဲချိန် ၄၇မိနစ်နှင့် ၇၄မိနစ်တို့တွင် မြတ်နိုးခင်က သွင်းယူခဲ့သည်။

ဆက်လက်ပြီး ညနေ ၄ နာရီက သုဝဏ္ဏ အားကစားကွင်းတွင် Young Lionesses အသင်းနှင့် ISPE အသင်းတို့ ကစားခဲ့ရာ ISPE အသင်းက ၁၀ ဂိုး ဂိုးမရှိဖြင့်ဂိုးပြတ်အနိုင်ရပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၆ မိနစ်၊ ၇၂ မိနစ်၊ ၇၄ မိနစ်တို့တွင် မိုးမိုးသန်း၊ ပွဲချိန် ၂၀ မိနစ်တွင် ဟေမာန်စိုး၊ ပွဲချိန် ၂၅ မိနစ်၊ ၃၈ မိနစ်၊ ၄၇ မိနစ်တို့တွင် လင်းမြင့်မိုရ်၊ ပွဲချိန် ၃၂ မိနစ်နှင့် ၈၈ မိနစ်တွင် ခင်မာလာထွန်း၊ ပွဲချိန် ၅၄ မိနစ်တွင် အေးနန္ဒာဝင်းတို့က သွင်းယူခဲ့သည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များအပြီးတွင် ISPEအသင်းက ရှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ရှုံးပွဲမရှိခဲ့ဘဲ ရမှတ် ၂၅မှတ်ဖြင့် ရာသီဝက်ချန်ပီယံအသင်းအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

STA

## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၀**

အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဖူဆယ် အားကစားရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။





၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို ငါးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အသင်းက အားကစားရေးရာ ဝန်ကြီးဌာန အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ဒစ်ဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြသည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲကိုဩဂုတ် ၁၁ ရက်တွင် တစ်ရက် ရပ်နားမည်ဖြစ်ပြီး ဩဂုတ် ၁၂ ရက်တွင် နံနက် ၉ နာရီမှ စတင်ပြီး ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အသင်း၊ ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းတို့ ဆက်လက် ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

## Wyndham Championship ဂေါက်သီးရိုက် ပြိုင်ပွဲ ချန်ပီယံဆုကို ဘရန်နန် ဆွတ်ခူး



**နယူးယောက် ဩဂုတ် ၁၀**

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ် ဂရင်းစဘိုရိုမြို့တွင် ကျင်းပခဲ့သည့် Wyndham Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဘရန်နန်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၂၂ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Golf Today သတင်းဌာနက ယနေ့တွင်ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက် ကစားသမားများ ဖြစ်ကြသည့် ဟော့စလာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်ခဲ့ပြီး ဘင်ဂျိမ်းစ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်ခဲ့သည်။

ဘရန်နန်သည် နောက်ဆုံးနေ့၏ပထမ ၉ ကျင်းတွင် အကောင်းဆုံးကစားခဲ့သည့်အတွက် ရလဒ်ကောင်းကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဘရန်နန်က "ပထမ ၉ ကျင်းမှာ ကောင်းအောင် ကစားနိုင်ခဲ့ပြီးတော့ ကျွန်တော့်ကို ချန်ပီယံဖြစ်စေခဲ့တာပါ။ ကျင်းနံပါတ် ၁၁ မှာ မမှားသင့်တဲ့ အမှားမျိုးကျူးလွန်ခဲ့ပေမဲ့လဲ ပထမ ၉ ကျင်းမှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ရလဒ်တွေက သိပ်ကောင်းခဲ့ပါတယ်။ စိတ်ရှည်ရှည် ထားပြီးတော့ ကျွန်တော့်စိတ်ကို ကျွန်တော် အကောင်းဆုံး ထိန်းချုပ်နိုင်ခဲ့ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Golf Today**

**Trs : AZL**

## National Bank Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ရိုင်ဘာကီနာနှင့် ကိုကိုဂတ်ဖ်တို့ နိုင်ပွဲကိုယ်စီရရှိ

**တိုရွန်တို ဩဂုတ် ၁၀**

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ကျင်းပနေသည့် National Bank Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာနှင့် အမေရိကန်တင်းနစ်မယ် ကိုကိုဂတ်ဖ်တို့သည် နိုင်ပွဲကိုယ်စီရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Tennis 365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရိုင်ဘာကီနာသည် စတုတ္ထအဆင့်တွင် ရုရှားတင်းနစ်မယ် ဆမ်ဆိုနိုဗာနှင့် ယှဉ်ပြိုင်ခဲ့ပြီး ရိုင်ဘာကီနာက (၆-၄၊ ၄-၆၊ ၆-၄) ရလဒ်ဖြင့်အနိုင်ရကာ ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ရိုင်ဘာကီနာသည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ပြန်လည်ရှုံးနိမ့်ခဲ့သည့်အတွက် အဆုံးအဖြတ်ပွဲစဉ်ကို ဆက်လက်ကစားခဲ့ရာ ရိုင်ဘာကီနာက ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ကိုကိုဂတ်ဖ်သည်လည်း စတုတ္ထအဆင့်တွင် ရုရှားတင်းနစ်မယ် ကိုနီဗာနှင့်ယှဉ်ပြိုင်ခဲ့ပြီး ကိုကိုဂတ်ဖ်က(၆-၃၊ ၆-၁) နှစ်ပွဲပြတ်ရလဒ်ဖြင့် အနိုင်ရခဲ့သည်။

ရိုင်ဘာကီနာက "စတုတ္ထအဆင့်ပွဲစဉ်ဟာ ကျွန်မအတွက် ခက်ခဲမယ်ဆိုတာ အစောကတည်းက ကြိုတင်မှန်းဆပြီးသားပါ။ တကယ် ကစားတဲ့အချိန်မှာလဲ သိပ်ကိုခက်ခဲခဲ့ပါတယ်။ အကြိတ်အနယ် ကစားခဲ့ရပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်ပါတယ်။ ကွာတားဖိုင်နယ်အဆင့်ကလဲ ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Tennis 365**

**Trs : AZL**

## မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၂)တွင် ရှမ်းယူနိုက်တက်နှင့် ဒဂုံစတားအသင်းတို့ နိုင်ပွဲများရရှိ

**ရန်ကုန် ဩဂုတ် ၁၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၂)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ နိုင်ပွဲများရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာ နေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၂)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ဒဂုံစတားအသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ဒဂုံစတားအသင်းက ငါးဂိုး လေးဂိုးဖြင့် အနိုင်ရပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုး များကို ပွဲချိန် ၁၈ မိနစ်၊ ၂၃ မိနစ်၊ မိနစ် ၃၀၊ ၆၇ မိနစ်တို့တွင် မင်းမင်းခန့်၊ ပွဲချိန် ၄၈ မိနစ်တွင် ညီနိုင်ကသွင်းယူခဲ့ပြီး စစ်ကိုင်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၁ မိနစ်၊ ၆၉ မိနစ်၊ မိနစ် ၉၀ ပြည့်ပြီး အချိန်ပို နှစ်မိနစ်တွင် ပိုင်သက်ဦး၊ ပွဲချိန် ၆၁ မိနစ်တွင် ကျော်ဝင်းစိုးတို့က သွင်းယူခဲ့သည်။




ဆက်လက်ပြီးညနေ ၃ နာရီခွဲက ဗဟန်းအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ဂလက်ဆီအက်ဖ်စီအသင်းတို့ ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၅၄ မိနစ်တွင် ကောင်းခန့်ဟိန်းက သွင်းယူခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၂) အပြီးတွင် ISPE အသင်းက ရမှတ် ၂၉ မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးမှ ဦးဆောင်ထားပြီး ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၂၇ မှတ်ဖြင့် အဆင့်(၂)နေရာမှ ဆက်လက် ဖိအားပေးလျက်ရှိနေကြောင်း သိရသည်။

STA

# တရုတ်နိုင်ငံ ကျဲ့ကျန်းပြည်နယ်တွင် တိုင်ဖွန်းမုန်တိုင်းဒေါ်ဖင် ဒုတိယအကြိမ် ဝင်ရောက်တိုက်ခတ်ခဲ့



**ပေကျင်း ဩဂုတ် ၁၀**

တရုတ်နိုင်ငံ ကျဲ့ကျန်းပြည်နယ်တွင် တိုင်ဖွန်းမုန်တိုင်းဒေါ်ဖင် ဒုတိယအကြိမ် ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း အမျိုးသားမိုးလေဝသဌာန (NMC) က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

တိုင်ဖွန်းမုန်တိုင်းဒေါ်ဖင်သည် ယခုနှစ်၏ ၁၃ ခုမြောက် တိုင်ဖွန်းမုန်တိုင်းဖြစ်ပြီး အဆိုပါတိုင်ဖွန်းမုန်တိုင်းဒေါ်ဖင်သည် ဩဂုတ် ၉ ရက် ညနေ ၅ နာရီ မိနစ် ၃၀ ခန့်က ကျဲ့ကျန်းပြည်နယ် တိုင်ကျိုးမြို့သို့ ပထမအကြိမ် ဝင်ရောက်တိုက်ခတ်ခဲ့ပြီး လေတိုက်နှုန်းမှာ တစ်စက္ကန့်လျှင် ၄၂ မီတာရှိခဲ့ကြောင်း၊ ညနေ ၆ နာရီ မိနစ် ၄၀ ခန့်တွင် ဒုတိယအကြိမ်အဖြစ် ကျဲ့ကျန်းပြည်နယ်ရှိ ယွဲ့ချင်းမြို့သို့ ဒုတိယအကြိမ် ဝင်ရောက်တိုက်ခတ်ခဲ့ပြီး လေတိုက်နှုန်းမှာ တစ်စက္ကန့်လျှင် ၃၈ မီတာရှိခဲ့ကြောင်း သိရသည်။

မုန်တိုင်းကြောင့် ကျဲ့ကျန်းပြည်နယ်နှင့် အနီးဝန်းကျင်ဒေသများတွင် လေပြင်းတိုက်ခတ်မှုများနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ပြင် တိုင်ဖွန်းမုန်တိုင်းဒဏ် ခံရသော ကျဲ့ကျန်းပြည်နယ်၏ မြို့တော် ဟန်ကျိုးမြို့ရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်၏ လေယာဉ်ခရီးစဉ် ၃၈၈ ခုကို ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

အမျိုးသားမိုးလေဝသဌာန (NMC) က မုန်တိုင်းဒဏ်ခံရသော ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းနိုင်သဖြင့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုအန္တရာယ်များကို အထူးဂရုပြုရန် အာဏာပိုင်များက ဒေသခံများကို သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ကရူဂျာမြို့အနီး လောင်ကျွမ်းနေသော တောမီးကို ထိန်းချုပ်နိုင်ပြီ ဖြစ်ကြောင်း အယ်ဘေးနီးယား မီးသတ်တပ်ဖွဲ့က ထုတ်ပြန်

**တီရာနာ ဩဂုတ် ၁၀**

အယ်ဘေးနီးယားနိုင်ငံ ကရူဂျာမြို့အနီးတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး အဆိုပါ တောမီးကို ဩဂုတ် ၉ ရက်မှ စတင် ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း အယ်ဘေးနီးယား မီးသတ်တပ်ဖွဲ့က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တူကီယဲအစိုးရက အယ်ဘေးနီးယားတောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် အကူအညီပေးခဲ့ခြင်းဖြစ်ကြောင်း၊ တောမီးအမြန်ဆုံး ထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်အင်အား ၃၀၀ ကျော်ဖြင့် တောမီးကို ကြိုးပမ်းငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

"ကရူဂျာမြို့အနီးမှာ လောင်ကျွမ်းနေတဲ့ တောမီးကို ဩဂုတ် ၉ ရက်က စတင်ပြီးတော့ ထိန်းချုပ်နိုင်ပြီဖြစ်ပါတယ်။ ရက်သတ္တပတ် ခန့်ကြာမြင့်စွာ တောမီးလောင်



ကျွမ်းခဲ့ပြီး အခြေခံအဆောက်အအုံတချို့ တောမီးကူးစက်လောင်ကျွမ်းခဲ့ပါတယ်။ တောမီးကို အမြန်ဆုံး ထိန်းချုပ်နိုင်ဖို့အတွက် လူအင်အား ၃၀၀ ကျော်လောက်ထိ အသုံးပြုခဲ့ပြီးတော့ လေကြောင်းအကူအညီကိုပါ ရယူခဲ့ပါတယ်။ မြေပြင်ကနေလည်း မီးသတ်ယာဉ် ၂၀ စီးထိ အသုံးပြုခဲ့ပါတယ်။ တူကီယဲနိုင်ငံကလည်း အဆင့်မြင့်နည်းပညာနဲ့ ဖန်တီးထုတ်လုပ်ထားတဲ့ Bayraktar TB2 Drone တွေ အကူအညီပေးခဲ့ပါတယ်။ တောမီးငြိမ်းသတ်ရာမှာ တော်တော်လေးကို ထိရောက်မှုရှိတဲ့ Drone တွေဖြစ်ပါတယ်။ အကူညီပေးခဲ့တဲ့ တူကီယဲနိုင်ငံအစိုးရကိုလည်း ကျေးဇူးတင်ပါတယ်"ဟု အယ်ဘေးနီးယားမီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# လူဇင်ဘတ်နိုင်ငံတွင် ဩဂုတ်လအတွင်း အပူလှိုင်းထပ်မံဖြတ်သန်းပြီး အပူချိန်မြင့်တက်မှုဖြစ်ပေါ်လာနိုင်

**လူဇင်ဘတ် ဩဂုတ် ၁၀**

လူဇင်ဘတ်နိုင်ငံတွင် ဩဂုတ်လအတွင်း အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်မှု ဖြစ်ပေါ်လာနိုင်ကြောင်း လူဇင်ဘတ်မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူလှိုင်းဖြတ်သန်းကာ အပူချိန်မှာ ၃၇ ဒီဂရီ စင်တီဂရိတ်ထိ မြင့်တက်ဖွယ်ရှိနေကြောင်း၊ လူဇင်ဘတ်နိုင်ငံတွင် ပြီးခဲ့သော ဇွန်လနှင့် ဇူလိုင်လတို့တွင်လည်း အပူချိန် မကြာခဏဖြတ်သန်းခဲ့ပြီးနောက် အပူချိန်မြင့်တက်မှုများနှင့် ရင်ဆိုင်ခဲ့ရကြောင်း၊ လက်ရှိတွင်လည်း လူဇင်ဘတ်နိုင်ငံတွင် အပူချိန်မှာ ၃၀ ဒီဂရီ စင်တီဂရိတ်ထိ ရောက်ရှိနေပြီး လာမည့် ၃ ရက်အတွင်း အပူလှိုင်းဖြတ်သန်းကာ အပူချိန်ပမာဏ ၃၇ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနိုင်ကြောင်း သိရသည်။

"လာမဲ့ရက်ပိုင်းအတွင်း လူဇင်ဘတ်နိုင်ငံတစ်ဝန်း အပူလှိုင်းဖြတ်သန်းမှာဖြစ်ပါတယ်။ အပူချိန်တွေ မြင့်တက်လာမှာဖြစ်ပြီးတော့ ခန့်မှန်းအမြင့်ဆုံး အပူချိန်ပမာဏကတော့ ၃၇ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိသွားနိုင်ပါတယ်။ ပြီးခဲ့တဲ့ ဇွန်လနဲ့ ဇူလိုင်လတို့မှာလည်း အပူလှိုင်း ဖြတ်သန်းခဲ့ပြီးတော့ အပူချိန်တွေ ဆက်တိုက်မြင့်တက်ခဲ့ပါတယ်။ ဇူလိုင်လတုန်းကဆိုရင် အပူချိန်မြင့်တက်မှု အန္တရာယ်ကို အနီရောင်အဆင့်အဖြစ် သတ်မှတ်ခဲ့ရတယ်။ လက်ရှိမှာလဲ အပူချိန်ပမာဏဟာ ၃၀ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေပါတယ်"ဟု လူဇင်ဘတ် မိုးလေဝသညွှန်ကြားရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# တောင်ဩစတြေးလျပြည်နယ်တွင် မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်နေသဖြင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းနေရ

**ကင်ဘာရာ ဩဂုတ် ၁၀**

ဩစတြေးလျနိုင်ငံ တောင်ဩစတြေးလျပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေလျှံတက်ကာ ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသဖြင့် ဒေသခံများ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရကြောင်း တောင်ဩစတြေးလျ ပြည်နယ်ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောင်ဩစတြေးလျ ပြည်နယ်တွင် စံချိန်တင်မိုးရေချိန်မြင့်မားခဲ့ပြီး မိုးရေချိန်မှာ ၁၁၀ မီလီမီတာထိ မြင့်တက်ခဲ့ကြောင်း၊ ရေကြီးရေလျှံမှုဖြင့် အဆိုးရွားဆုံး ရင်ဆိုင်နေရသည့် ဒေသမှာ ကိုရိုမန်ဒယ်လ် ကမ်းခြေဒေသဖြစ်ပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသည့် ဒေသခံအများစုမှာလည်း ကိုရိုမန်ဒယ်လ်ကမ်းခြေဒေသမှ ဒေသခံများဖြစ်ကြောင်း၊ ရေလွှမ်းနေသည့် လမ်းကို ဖြတ်သန်းမောင်းနှင်ခဲ့သည့် မော်တော်ယာဉ်တစ်စီး ပိတ်မိသွားခဲ့သည့်အတွက် မော်တော်ယာဉ်အတွင်း လိုက်ပါစီးနင်းခဲ့သော အမျိုးသားသုံးဦးကို ကယ်ဆယ်ရေး ဝန်ထမ်းများက အရေးပေါ်အခြေအနေဖြင့် ကယ်ထုတ်ပေးခဲ့ရကြောင်း၊ တောင်ဩစတြေးလျပြည်နယ် ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်သွားခဲ့ကြောင်း သိရသည်။

"တောင်ဩစတြေးလျ ပြည်နယ်မှာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးတော့ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ လမ်းမကြီး တော်တော်များများ ရေလွှမ်းနေပြီးတော့ အဒီလိတ်မြို့အနီးမှာ ရေလွှမ်းနေတဲ့လမ်းကို ဖြတ်သန်းမောင်းနှင်ခဲ့တဲ့ မော်တော်ယာဉ်တစ်စီး ပိတ်မိခဲ့ပြီးတော့ မော်တော်ယာဉ်အတွင်း လိုက်ပါလာတဲ့ အမျိုးသားသုံးဦးကို အရေးပေါ်အခြေအနေနဲ့ ကယ်ထုတ် ပေးခဲ့ရတယ်"ဟု တောင်ဩစတြေးလျ ပြည်နယ်ဝန်ကြီးချုပ်ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အင်ဒိုနီးရှားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုကြောင့် မောင့်ဘရိုမိုအမျိုးသားဥယျာဉ်၏ သစ်တောရေိယာ ၁၇၆ ဟက်တာထိပျက်စီး

**ဂျကာတာ ဩဂုတ် ၁၀**

အင်ဒိုနီးရှားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုကြောင့် ဂျာဗားပြည်နယ်ရှိ မောင့်ဘရိုမိုအမျိုးသားဥယျာဉ်၏ သစ်တောဧရိယာ ၁၇၆ ဟက်တာထိ ပျက်စီးခဲ့ကြောင်း သဘာဝဘေးအန္တရာယ် လျော့ပါးရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မောင့်ဘရိုမိုအမျိုးသားဥယျာဉ်တွင် တောမီးလောင်ကျွမ်းမှု ပြင်းထန်လာသဖြင့် ယနေ့မှစ၍ အလည်အပတ် လာရောက်မှုများကို အကန့်အသတ်မရှိ ပိတ်လိုက်ကြောင်း သိရသည်။

လောင်ကျွမ်းနေသည့်တောမီးသည် ကယ်ဒါရာဧရိယာအတွင်း ကူးစက်လာပြီး ကယ်ဒါရာဧရိယာသည် သဲပင်လယ်ဟု လူသိများသောကြောင့် အလည်အပတ်လာရောက်သူများကြောင်း၊ ယခုအခါ တောမီးလောင်မှုကြောင့် ခရီးသွားများ၊ ဝန်ထမ်းများနှင့် အနီးဝန်းကျင်ရှိ ပြည်သူများ၏ ဘေးကင်းရေးအတွက် ဝင်ရောက်ခွင့်အားလုံးကို ပိတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

တောမီးလောင်ကျွမ်းရာ ဧရိယာများကိုသဘာဝဘေးအန္တရာယ် လျော့ပါးရေးအေဂျင်စီက မီးငြိမ်းသတ်ရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်နိုင်ရေး မီးငြိမ်းသတ်ရေး ရဟတ်ယာဉ်များနှင့် ရေဖြန်းဒရုန်းများကို အသုံးပြုနေကြောင်း၊ လက်ရှိအချိန်ထိ တောမီးကြောင့် ထိခိုက်ဒဏ်ရာရရှိသူများ မရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# စည်းလုံးခြင်း၊ စည်းကမ်းရှိခြင်း၊ အလုပ်လုပ်ခြင်းဖြင့် နိုင်ငံတော်အနာဂတ်

အာကာမောင်မောင်

**❖ လူတိုင်းက မိမိနေထိုင်သောနိုင်ငံကို အခြားဖွံ့ဖြိုးတိုးတက်ပြီးသော နိုင်ငံများကဲ့သို့ ဖြစ်စေချင်ကြသည်မှာ အမှန်ပင်ဖြစ်သည်။ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး အစစအရာရာ သာလွန်ကောင်းမွန်စေချင်သည်။ ထိုသို့ဆိုပါလျှင် ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံး (တိုင်းရင်းသားလက်နက်ကိုင်များအပါအဝင်) စည်းလုံးညီညွတ်မှုရှိကြရပါမည်။ စည်းကမ်းရှိရှိနေထိုင်တတ်သည့် အကျင့်ကောင်းကို ပြုမူကျင့်ကြံကြရပါမည်။ အလုပ်ကိုအလုပ်နှင့်တူအောင်ကြိုးစားလုပ်ချင်စိတ်ကိုလည်း အထူးတလည် မွေးမြူထားကြရပါမည်။ ❖**

ယနေ့ခေတ်သည်နည်းပညာခေတ်၊ သတင်းခေတ်ဖြစ်သည်နှင့်အညီ ကမ္ဘာ့နိုင်ငံများအကြောင်းကိုလေ့လာမည်ဆိုပါက လွယ်လင့်တကူသိရှိနိုင်သည်။ ကမ္ဘာ့သတင်းများသည် စက္ကန့်နှင့်အမျှတွေ့မြင်ကြားသိနေရသည်။ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများ၊ ဖွံ့ဖြိုးမှုနည်းပါး၍ ဆင်းရဲဒုက္ခကြုံနေရသည့်နိုင်ငံများကိုမြင်တွေ့ရသည့်အခါ သင်ခန်းစာယူဖွယ်များဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ခြင်း၏ အဓိကအချက်များတွင် သူတို့နိုင်ငံသားတို့ စည်းလုံးညီညွတ်ကြသည်။ အလုပ်ကိုတန်ဖိုးထား လုပ်ကိုင်ကြသည်။ စည်းကမ်းနှင့်စနစ်တကျ နေထိုင်တတ်ကြသည်ကို သိရှိရသည်။ ဖွံ့ဖြိုးမှုနည်းပါး၍ ဆင်းရဲသည့်နိုင်ငံများသည် အထက်ပါအချက်အလက်များနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

နိုင်ငံတိုင်းသည် လူသားတို့၏ဘဝအတိုင်းပင် ကောင်းဆိုးနှစ်တန်ကြုံကြရသည်မှာ ဓမ္မတာဖြစ်သည်။ အဆိုးနှင့်ကြုံတွေ့ရသည့်အခါ အဆိုးကိုကျော်လွှား၍ အကောင်းဆုံးဖြစ်အောင် စွမ်းဆောင်နိုင်ကြရမည်ဖြစ်သည်။ မျက်မှောက်ကာလ ကမ္ဘာကြီးတွင် ဖွံ့ဖြိုးပြီးနိုင်ငံပေါင်း ၃၇ နိုင်ငံ၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံပေါင်း ၄၄ နိုင်ငံနှင့် ကျန်နိုင်ငံများမှာ ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ကြသည်။ ကမ္ဘာ့နိုင်ငံတိုင်းလိုလိုသည် ကမ္ဘာစစ်ကြီးနှစ်ကြိမ်ဖြစ်ခဲ့သည့်ဒဏ်ကို ခံခဲ့ကြရသည်။ မြန်မာနိုင်ငံသည်လည်းစစ်ဒဏ်ခံခဲ့ရသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးသည့် ကာလမှစ၍ နိုင်ငံကို အခက်အခဲများကြားမှ ကြိုးစားရုန်းကန်ထူထောင်ခဲ့ကြပြီး ယနေ့ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများဖြစ်လာသည့် ဂျပန်၊ တောင်ကိုရီးယားတို့သည် အခြားသောနိုင်ငံများအတွက် စံနမူနာယူဖွယ်ဖြစ်သည်။ ၎င်းတို့သည်ကြီးမားသော အခက်အခဲများစွာကြားက ရုန်းကန်လှုပ်ရှားကာ ယနေ့တွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိသောနိုင်ငံများဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် လူသာပဓာနဖြစ်သည်။ ကြိုးစားမှုရှိလျှင် အောင်မြင်မှုရလာမည်ဖြစ်သည်။ လူတိုင်းက အလုပ်ကိုကြိုးစားလုပ်ကိုင်ချင်စိတ် ရှိနေရမည်ဖြစ်သည်။ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့သည် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ကျရာနေရာကနေအားကြိုးမာန်တက် ထမ်းရွက်ကြရမည်ဖြစ်သည်။ ဆင်းရဲခြင်း၊ ချမ်းသာခြင်းဆိုသည်မှာ စည်းလုံးခြင်း၊ စည်းကမ်းရှိခြင်း၊ အလုပ်လုပ်ခြင်းတို့အပေါ်တွင် လုံးဝတည်ရှိသည်။

ယနေ့တိုးတက်သောနိုင်ငံများကို လေ့လာကြည့်ပါက ထိုနိုင်ငံအတွင်း နေထိုင်မည်ဆိုလျှင် စည်းကမ်းရှိရှိနေထိုင်သွားလာကြရသည်။ သက်ဆိုင်ရာ နိုင်ငံကထုတ်ပြန်ထားသော ဥပဒေများကို လိုက်နာကျင့်သုံးကြရသည်။ ဖောက်ဖျက်ခဲ့လျှင်လည်း ထိရောက်စွာ အပြစ်ပေးအရေးယူခံကြရသည်။ ထိုက်တန်သောလစာနှင့်အတူ စွမ်းအားရှိသမျှအလုပ်လုပ်ကြရသည်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့်ကဏ္ဍစုံတွင် စည်းကမ်းနှင့်စနစ်တကျလုပ်ဆောင်ကြရသည့်အတွက် အဆိုပါနိုင်ငံများတိုးတက်နေခြင်းဖြစ်သည်။

ယနေ့မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးနှင့် နိုင်ငံတော်ကာကွယ်ရေးအခြေအနေများကိုလေ့လာကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီး အားလုံးက တက်ညီလက်ညီစည်းလုံးညီညွတ်စွာ လျှောက်လှမ်းကြရန်သာလိုတော့သည်။ "တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့ အချိန်မှာလဲ အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ပြန်ပြီး စုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့ လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေ ဖြစ်နေမှာပဲ။ ဒါကြောင့်ညီညွတ်ရေးက အရေးကြီးပါတယ်"ဟူ၍ နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်သည် ဇူလိုင် ၁၉ ရက် အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏မေးမြန်းမှုများကို ဖြေကြားခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဦးဆောင်ကြိုးပမ်းလျက်ရှိရာတွင် နိုင်ငံသူနိုင်ငံသားများကလည်း နိုင်ငံကိုချစ်သည့်စိတ်ဖြင့် လိုက်ပါဆောင်ရွက်ကြရမည်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်နေထိုင်သည့် မြန်မာနိုင်ငံတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် အသက်တမျှအရေးကြီးလှသည်။ လူတစ်ဦးသက်မဲ့ဖြစ်သွားလျှင် မည်သို့မျှအသုံးမဝင်နိုင်သကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲနေလျှင်လည်း နိုင်ငံသည် အကောင်းဆီသို့ ဦးတည်ရန်ခက်ခဲနေမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် သန္နိဋ္ဌာန်ချမှတ်ပြီး မဖြစ်မနေကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အားလုံးကို ငြိမ်းချမ်းရေးဖိတ်ခေါ်ဆွေးနွေးလျက်ရှိသည်။ ပွင့်လင်းမြင်သာစွာ မည်သည့်ကြိုတင်ကန့်သတ်ချက်မှ မထားဘဲဆွေးနွေးခွင့်ပြုထားသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများစွာလည်း လာရောက်ဆွေးနွေးနေကြပြီဖြစ်သည်။ တစ်ဆက်တည်းမှာပင် မသမာသူများ၏ သွေးထိုးလှုံ့ဆော်မှုကိုနားယောင်ကာ လမ်းမှားသို့ရောက်ရှိသွားကြသည့် PDF အမည်ခံ လူငယ်များသည်လည်း မိမိဘဝနေခြင်းရေးအတွက် အမြင်မှန်သိရှိလာပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသည်မှာလည်း ထောင်ပေါင်းများစွာရှိနေပြီဖြစ်သည်။

အဆိုပါသတင်းများကို မီဒီယာများက ဖော်ပြပေးလျက်ရှိသည်မှာ မိဘဆွေမျိုးသားချင်းများအတွက် ဝမ်းသာဖွယ်ကောင်းလှသည့်သတင်းဖြစ်သည်။ မည်သည့်မိဘကမျှ မိမိတို့သားသမီးကို လမ်းမှားသို့ပို့မည်မဟုတ်ပေ။ အနာဂတ်ပျောက်ဆုံးနေသည့်ဘဝမှ ပြန်လည်လွတ်မြောက်လာပြီး ယခုအခါ သူတို့၏အနာဂတ်ကို လှပစွာဖန်တီးနိုင်ကြတော့မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရဆောင်ရွက်ချက် သဘောထားအမှန်ကို သိမြင်လာကြပြီဖြစ်သည့် လမ်းမှားရောက်လူငယ်များ၏ရင်တွင်းစကားသံများကိုလည်း ကြားသိကြပြီးဖြစ်ပေရာ လူငယ်မောင်မယ်တို့၏ အနာဂတ်၊ နိုင်ငံတော်၏အနာဂတ်အတွက်ဝမ်းသာမိပါသည်။

မြန်မာနိုင်ငံသည် ယခုအခါ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲကြောင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခေတ္တမှိန်သွားခဲ့သည်။ ယခုအခါ ၂၀၂၅ ခုနှစ်တွင် ပြည်သူလူထုတစ်ခဲနက် အားပေးရွေးချယ်မှုဖြင့် တတိယအကြိမ် ဒီမိုကရေစီအစိုးရတစ်ရပ်ပေါ်ထွန်းလာပြီဖြစ်သည်။ အစိုးရအနေဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးခြင်းနှင့်အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို အားသွန်ခွန်စိုက်ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံအတွက် စီးပွားရေးကောင်းမွန်မှုသည် အဓိကအချက်ဖြစ်ပေရာ နိုင်ငံ့စီးပွားရေးကောင်းမွန်စေရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် အိန္ဒိယ၊ တရုတ်၊ လာအိုနှင့်ထိုင်းနိုင်ငံများသို့ နိုင်ငံတော်အဆင့် ခရီးစဉ်များသွားရောက်ကာ မြန်မာနိုင်ငံအတွင်း ကဏ္ဍပေါင်းစုံ၌ လာရောက်ရင်းနှီးမြှုပ်နှံမှုပြုနိုင်ရေးကိစ္စရပ်များဆွေးနွေးနိုင်ခဲ့သည်။ နှစ်နိုင်ငံစီးပွားရေးဖိုရမ်ဆွေးနွေးပွဲများကိုလည်း ပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်ခဲ့သည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုများသည် မကြာမီအချိန်အတွင်းမှာပင် အများအပြားလာရောက် ရင်းနှီးမြှုပ်နှံကြမည်ဖြစ်သည်။ ထိုအခါ အလုပ်အကိုင်များပေါများလာမည်ဖြစ်သည်။ လူငယ်လူရွယ်များအတွက် အလုပ်အကိုင်ကခေါ်ယူသည့်အခါ အလုပ်နှင့် ကိုက်ညီသည့်အရည်အချင်း ရှိနေရမည်ဖြစ်သည်။ ရှိနေအောင်လည်း ကြိုးစားဖြည့်ဆည်းထားရမည်ဖြစ်သည်။ ထို့ပြင် အလုပ်ကိုတကယ်ကြိုးကြိုးစားစားလုပ်ကိုင်ချင်စိတ်ရှိပြီး မိမိအနာဂတ်၊ နိုင်ငံ့အနာဂတ်အတွက် ရည်ရွယ်ကြရမည်ဖြစ်သည်။ လုပ်ငန်းမှန်သမျှတွင် စည်းကမ်းစနစ်တကျနှင့်ကြိုးစားမှုရှိမှသာ အလုပ်ရှင်နှင့်အလုပ်သမားတို့ သဟဇာတဖြစ်ပေမည်။

နိုင်ငံတော်ကာကွယ်ရေးနှင့်ပတ်သက်၍လည်း တပ်မတော်ကို တိုက်စွမ်းရည်၊ တိုက်စွမ်းအားရှိသည့် ခေတ်မီတပ်မတော်တစ်ရပ်ဖြစ်အောင် ဖွဲ့စည်းတည်ဆောက်လျက်ရှိသည်။ ထိုသို့တည်ဆောက်ထားနိုင်သည့်အတွက် ယခုအခါ ကုန်သွယ်မှုလမ်းကြောင်းများ၊ မြို့ပြများကို ပြန်လည်ထိန်းချုပ်ပေးပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့နေပြီဖြစ်သည်။ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အစည်းများမှ လူငယ်များသည်လည်း အလင်းဝင်နေကြပြီဖြစ်သည်။ ဆိုလိုချင်သည်မှာ မြန်မာနိုင်ငံ၏အနာဂတ်သည် အဆိုးတွေကွယ်ပျောက်လာပြီး အကောင်းဆီသို့ ထင်ရှားစွာဦးတည်နေပြီဖြစ်သည်မှာ ပြည်သူများအားလုံး အတွေ့အမြင်ပင်ဖြစ်သည်။

လူတိုင်းက မိမိနေထိုင်သောနိုင်ငံကို အခြားဖွံ့ဖြိုးတိုးတက်ပြီးသော နိုင်ငံများကဲ့သို့ ဖြစ်စေချင်ကြသည်မှာ အမှန်ပင်ဖြစ်သည်။ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး အစစအရာရာသာလွန်ကောင်းမွန်စေချင်သည်။ ထိုသို့ဆိုပါလျှင် ကျွန်တော်တို့ပြည်သူတစ်ရပ်လုံး (တိုင်းရင်းသားလက် နက်ကိုင်များအပါအဝင်) စည်းလုံးညီညွတ်မှုရှိကြရပါမည်။ စည်းကမ်းရှိရှိနေထိုင်တတ်သည့် အကျင့်ကောင်းကို ပြုမူကျင့်ကြံကြရပါမည်။ အလုပ်ကိုအလုပ်နှင့်တူအောင်ကြိုးစားလုပ်ချင်စိတ်ကိုလည်း အထူးတလည် မွေးမြူထားကြရပါမည်။ မြန်မာနိုင်ငံကြီးအေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ခြင်းမှ ချမ်းသာသုခပြည့်ဝတော့မည်မှာမလွဲကေန်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့နိုင်ငံသူ၊ နိုင်ငံသားအားလုံးက မိမိကိုယ်ကိုကောင်းအောင် တည်ဆောက်ထားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ပါသည်။

**ကိုးကား**

**- ၂၀-၇-၂၀၂၄ ထုတ် သတင်းစာများ။**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ဂေဟာရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လတတိယပတ်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့် ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်




ရန်ကုန် ဩဂုတ် ၁၀

Rangoun နှင့် ခတ္တိယ Production တို့က စီစဉ်ထုတ်လုပ်သည့် ဂေဟာ ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လ တတိယပတ်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့် ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ဂေဟာ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ထားသူ သရုပ်ဆောင် ကျော်ဆုက ပြောပြ၍ သိရသည်။

အဆိုပါ ဂေဟာ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို မဇော်က ရေးသားထားပြီး ခေတ်ရှေးညိုက ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ပြည့်သစ်နိုင်က တာဝန်ယူပုံဖော် ရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားက လျှို့ဝှက်သည်းဖို့ အချစ်ဇာတ်လမ်းပါ။ သည်းထိတ်ရင်ဖို့ အခန်းတွေလဲ ပါမယ်။ အကြောင်းကြောင်းကြောင့် ကိုယ်ဝန်လွယ်ထားတဲ့ မိခင်လောင်းတစ်ယောက်ကလေး မီးဖွားဖို့ တာဝန်ယူပေးမယ်ဆိုတဲ့ ဂေဟာကို လိုက်ရှာရင်း စန္ဒကူးမြိုင်ခိုကိုးရာမဲ့ ကိုယ်ဝန်ဆောင်တွေအတွက် ကုသိုလ်ဖြစ်ဂေဟာဆိုတာကို ရောက်သွားရာကနေ ဒီဇာတ်လမ်း ဖြစ်ပေါ်လာတာပါ။ အဲဒီဂေဟာကြီးက ညဘက်ဆို မသွားရလို့ တားမြစ်ထားတဲ့ စားဖိုဆောင်ကြီး၊ ဂေဟာထဲက နာမည်ကြီးတဲ့ မီးနေသည်သရဲ၊ သပွတ်အူနဲ့ စာကလေးသိုက်လို ရှုပ်ထွေးတဲ့ ဂေဟာကြီးရဲ့ လျှို့ဝှက်ဆန်းကြယ်မှုတွေ မကြာခင် ရုံတင်တဲ့အခါ စောင့်မျှော် ကြည့်ရှုကြပါအုံးလို့ ပြောချင်ပါတယ်"ဟု အဆိုပါ ဂေဟာ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ထားသူ သရုပ်ဆောင် ကျော်ဆုက ပြောပြသည်။

အဆိုပါ ဂေဟာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ကျော်ဆု၊ ထူးမွန်၊ မင်းသူ၊ ဟိန်းရတု၊ ရန်လင်းအောင်၊ နက်ရှိုင်းကို၊ ဖွေးဖွေး၊ စိုးမြတ်သူဇာ၊ သံစဉ်ဆည်းဆာ၊ သွန်းသစ္စာဇော်၊ မေမြန်မာ၊ မေသက်ကျော်၊ မေမြတ်စံ၊ တင်ဇာဝင်းပြည့်၊ သာသာ၊ ကလေးသရုပ်ဆောင် အိန္ဒြေသွန်းဆက်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Bluefly ဇာတ်ကား၌ ရုပ်ဆဲခရိုးနှင့် ပရီယန်ကာချိုပရာဂျိုးနပ်တို့ ပါဝင်မည်ဖြစ်

နယူးယောက် ဩဂုတ် ၁၀

Bluefly အမည်ရှိ သိပ္ပံအက်ရှင် လျှို့ဝှက်သည်းဖို့ဇာတ်ကားသစ်တွင် မင်းသားကြီး ရုပ်ဆဲခရိုးနှင့် မင်းသမီး ပရီယန်ကာချိုပရာဂျိုးနပ်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၉ ရက် သတင်းများအရ သိရသည်။

Bluefly ဇာတ်ကားသည် ကွန်ဂိုနိုင်ငံ တောနက်အတွင်း အမေရိကန်စကားပြန်တစ်ဦး ကြုံတွေ့ရမည့် လျှို့ဝှက်ဆန်းကြယ် အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Bluefly ဇာတ်ကားကို ဒါရိုက်တာ နင်းရှေ့အန်တယ်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်ဖရီဂျီယိုနှင့် ဝီလျံယူဘန့်တို့က ရေးသားပေးထားကြောင်း သိရသည်။

ဒါရိုက်တာ နင်းရှေ့အန်တယ်သည် Predators ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သော ဒါရိုက်တာဖြစ်ကြောင်း သိရသည်။

Bluefly ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းကို ယခုနှစ်ကုန်ပိုင်းတွင် ဩစတြေးလျနိုင်ငံ ဂိုးကို့ကမ်းရိုးတန်း၌ စတင်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO





# တေးသံရှင် မျိုးကြီး၊ ဝိုင်ဝိုင်းတို့၏ The Double Blast With တေးဂီတဖျော်ဖြေပွဲကို Yangon Social F&B, Live Music, Playground တွင် ပြုလုပ်မည်

ရန်ကုန် ဩဂုတ် ၁၀

တေးသံရှင် မျိုးကြီး၊ ဝိုင်ဝိုင်းတို့၏ The Double Blast With တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Yangon Social F&B, Live Music, Playground ၌ ဩဂုတ် ၂၂ ရက်တွင် ပြုလုပ်သွားမည် ဖြစ်ကြောင်း တေးသံရှင်မျိုးကြီးထံမှ သိရသည်။

တေးသံရှင် မျိုးကြီး၊ ဝိုင်ဝိုင်းတို့၏ The Double Blast With တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Iron-Cross တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ပြီး ဂီတမျိုး ချစ်စမ်းမောင်၏ လက်စွမ်းပြတီးခတ်မှုများကိုလည်း နားဆင်ရမည် ဖြစ်ကြောင်း သိရသည်။




"ရော့ခ်သီချင်းတွေကို ချစ်မြတ်နိုးတဲ့ ပရိသတ်တွေအတွက် အထူးစီစဉ်ထားတဲ့ ညတစ်ညဖြစ်ပါတယ်။ ငယ်သူငယ်ချင်းတွေနဲ့ အတူ ရော့ခ်ဓာတ်ပြန်သွင်းမလား၊ ချစ်ရတဲ့သူနဲ့ အမှတ်တရဖန်တီးမလား။ ဒီလိုအခွင့်အရေးကို လက်လွှတ်မခံချင်ဘူးဆိုရင်တော့ ဩဂုတ် ၂၂ ရက်မှာ ဆုံကြမယ်ဗျာ"ဟု တေးသံရှင် မျိုးကြီးက ပြောပြသည်။

တေးသံရှင် မျိုးကြီး၊ ဝိုင်ဝိုင်းတို့၏ The Double Blast With တေးဂီတဖျော်ဖြေပွဲကို Yangon Social F&B, Live Music, Playground ၌ ဩဂုတ် ၂၂ ရက် ည ၆ နာရီတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Summoner ဇာတ်ကား၌ မင်းသမီး ဂျော်ဂျီယာဝစ်ဂမ်းပါဝင်မည်

နယူးယောက် ဩဂုတ် ၁၀

Amazon MGM ၏ Summoner အမည်ရှိ လျှို့ဝှက်သည်းဖို့ဇာတ်ကားတွင် မင်းသမီး ဂျော်ဂျီယာဝစ်ဂမ်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၉ ရက် သတင်းများအရ သိရသည်။

Summoner ဇာတ်ကားတွင် မင်းသမီး ဂျော်ဂျီယာဝစ်ဂမ်းသည် မင်းသား ကီဗင်ဘေကွန်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Summoner ဇာတ်ကားသည် မကောင်းဆိုးရွားနှင့်သူတစ်ဦး ကြုံတွေ့ရမည့် ထိတ်လန့်သည်းဖိုဖွယ် ရုပ်များကို ပုံဖော်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Summoner ဇာတ်ကားကို ဒါရိုက်တာ ဂျရမီဆလိတ်တာက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ၎င်းဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ ဂျရမီဆလိတ်တာကပင် တာဝန်ယူ ရေးသားပေးမည်ဖြစ်သည်။

ဂျရမီဆလိတ်တာသည် Mortal Kombat II ဇာတ်ကားနှင့် The Umbrella Academy ဇာတ်ကားများအတွက် ဝတ္ထုဇာတ်ညွှန်းများ ရေးသားပေးခဲ့သူဖြစ်သည်။

Summoner ဇာတ်ကားကို ယခုနှစ် ဆောင်းရာသီအတွင်း အိုင်ယာလန်နိုင်ငံ၌ စတင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# အချစ်ဈေး ရုပ်ရှင်ဇာတ်ကားမှ သရုပ်ဆောင်များက ဆူးလေစေတီတော်တွင် အာဟာရဒါနစတုဒိသာ ကျွေးမွေးလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၀

ဩဂုတ် ၁၄ ရက်မှ စတင်ကာ နိုင်ငံတစ်ဝန်း အဆင့်မြင့် ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည့် အချစ်ဈေးရုပ်ရှင်ဇာတ်ကားမှ သရုပ်ဆောင်များက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ဆူးလေစေတီတော်တွင် အာဟာရဒါန စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းကို ဩဂုတ် ၉ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အာဟာရဒါန စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲသို့ သရုပ်ဆောင် နိုင်းနိုင်း၊ ဝတ်မှုံရွှေရည်နှင့် အချစ်ဈေး ရုပ်ရှင်ဇာတ်ကား Team Work အဖွဲ့သားများ လာရောက် ကုသိုလ်ယူကြသည်။

"ဒီနေ့ကတော့ မကြာခင်ရုံတင်တော့မဲ့ အချစ်ဈေး ရုပ်ရှင်ဇာတ်ကားကြီးမှာ နေရာအသီးသီးကနေ ပါဝင်ထားကြသူတွေ အားလုံးရဲ့ အာဟာရဒါန စတုဒိသာ အလှူဖြစ်ပါတယ်။ ဆူးလေစေတီတော်မှာ ဘုရားဖူးဦးရေ ၁၀၀၀ လောက်ကို အချိုရည်၊ ရေသန့်နဲ့ ပေါင်မုန့်တွေ လှူဒါန်းခဲ့တာဖြစ်ပါတယ်"ဟု အဆိုပါ အချစ်ဈေးရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ထားသူ သရုပ်ဆောင်နိုင်းနိုင်းက ပြောပြသည်။

အချစ်ဈေး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မိုးနိုလွင်က ရေးသားထားပြီး ဒါရိုက်တာ ပြည့်ဖြိုးနိုင် (PPN) က Bellarie Production အတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

အချစ်ဈေး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နိုင်းနိုင်း၊ နေတိုး၊ ဇော်ဦး၊ ဇင်မျိုး၊ ကိုဇော်၊ ဝတ်မှုံရွှေရည်၊ ချောရတနာ၊ လင်းလပြည့်ထက်၊ အေးဇာဇော်၊ ဧည့်သည်သရုပ်ဆောင် သားညီနှင့် အနုပညာရှင်များစွာ ပါဝင်ထားကြကြောင်း သိရသည်။

ASH

# President U Min Aung Hlaing delivers speech at the ceremony to mark the School Health Week activity (Central Level) for 2026-27 academic year



**President U Min Aung Hlaing delivers a speech at the ceremony to mark the School Health Week activity (Central Level) for 2026-27 academic year.**

**Nay Pyi Taw August 10**

A ceremony to mark the the School Health Week activity (Central Level) for 2026-27 academic year took place at the Myanmar International Convention Centre 1 (MICC I) in Nay Pyi Taw this morning, attended by President of the Republic of the Union of Myanmar U Min Aung Hlaing who awarded the outstanding schools in the school health activities.

On his arrival at the MICC I where the ceremony was held, the President was warmly welcomed by officials, students and health staff.

At the ceremony, the President pressed the button to launch the ceremony to mark the School Health Week activity (Central Level) for 2026-27 AY.

Also present at the ceremony were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi, Amyotha Hluttaw Speaker U Aung Lin Dwe, Commander-in-Chief of Defence Services General Ye Win Oo, Union ministers, Union-level dignitaries, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command, deputy ministers, departmental officials, senior medical superintendents of the central-level general hospitals, basic education teachers, school heads of schools which won outstanding awards for the school health activities, officials, health staff, students and invited guests.

Students from No 11 Basic Education High School in Zabuthiri Township, Nay Pyi Taw Council Area, presented a dance performance to the school health promotion song “School Health for Life”.

Speaking on the occasion, the President stated that the government is accelerating the implementation of health-care services in the health sector with the guiding principle that “Nothing is more important than human life,” with the aim of ensuring that every citizen enjoys good health and physical fitness and lives a long and healthy life. In this regard, it is essential to adopt healthy lifestyles from early childhood through adulthood, in line with the principle that “Only when one is healthy can one study, and only when one is healthy can one work.” In addition, healthy practices should be promoted among families and the wider community through students, so that a healthy society can be developed.

School health care services in Myanmar date back to the colonial period. They are currently being implemented in accordance with the Health-Promoting School programmes prescribed by the World Health Organization, using a comprehensive school health system that goes beyond disease prevention to promote students’ physical and mental health, nutrition and healthy lifestyles. Under this system, health staff provide health care services and health education to students, while the education sector incorporates the subject “Skills for Life” into school curricula to enhance students’ health knowledge and awareness.

*See Page 13*



**President U Min Aung Hlaing awards the headmistress of outstanding school in school health activities.**



**President U Min Aung Hlaing views display of nutritious foods and fruits.**



**President U Min Aung Hlaing observes health demonstration by students.**

# Nippon Foundation Honorary Chair calls on President of the Republic of the Union of Myanmar U Min Aung Hlaing



President U Min Aung Hlaing shakes hands with Honorary Chairman of the Nippon Foundation Mr. Yohei Sasakawa.

**Nay Pyi Taw August 10**

Honorary Chair of the Nippon Foundation Mr. Yohei Sasakawa paid a countesy call on President of the Republic of the Union of Myanmar U Min Aung Hlaing at the Presidential Palace Reception Hall in Nay Pyi Taw this afternoon.

At the meeting, they cordially exchanged views on current situations in Myanmar, where the government elected by the people is firmly continuing to pursue the country's democratic path and making efforts to achieve internal peace, the plans of the Honorary Chair of the Nippon Foundation to provide assistance to the best of his ability to support Myanmar's internal peace process as well as on assistance from the Nippon Foundation for assisting in rehabilitation efforts in flood-affected areas of Laymyethna Township in Ayeyawady Region, and plans of the Nippon Foundation to assist in enabling technological universities in Myanmar to offer courses on the construction of earthquake-resistant buildings. MNA

---

*From Page 12*

The entire people including health and education staff as well as parents of students have to participate in and provide assisance for implementation of the health-promoting school programme. As implementing the programme, the school health week activities are conducted in the entire nation in the second week of August yearly. Likewise, the nutrition development week for children under five and students is also implemented in the second week of August annually.

By conducting School Health Week and the Student and Youth Nutrition Development Week simultaneously, students can receive health examination, while their height, weight and nutritional status can also be measured and assessed. In addition, nutritional deficiencies, obesity and growth and development problems among students can be identified at an early stage, enabling parents, teachers and health staff to work together to provide appropriate health care. These measures will help promote students' physical fitness and intellectual development, regular school attendance, learning capacity and academic achievement, thereby contributing to the development of valuable, educated human resources for the country in the future.

To ensure the comprehensive physical and intellectual development of students and youth, it is essential to ensure that expectant mothers receive adequate nutrition so that children receive the necessary nutrients from the time they are in the womb. It is also important to provide adequate nutrition and proper care during the "First 1,000 Days" period, from birth until a child reaches two years of age. Therefore, during this period, the Department of Social Welfare is implementing a Maternal and Child Cash Transfer (MCCT) programme in priority areas of seven regions and states, in cooperation with relevant departments, including the Department of Public Health, to support adequate nutrition for pregnant women and children. Furthermore, basic health staff are providing community-based services, including health education on providing adequate and balanced nutrition appropriate to each age group, regular monitoring of nutritional status, and necessary care and treatment to promote the nutritional development of children under five. In addition, health-care services at preschools should be further strengthened and accelerated in cooperation with the Department of Social Welfare.

For the healthy and all-round development of students and young people, greater emphasis should be placed on ensuring that school-age children receive adequate and balanced nutrition, as well as on organizing sports competitions. Basic education schools should be developed to meet established health standards, while individual student health examinations should be conducted systematically and effectively with proper records maintained. Coverage of school health services should also be expanded to include all basic education grades. To achieve these objectives, the Ministry of Education, Ministry of Health, and Ministry of Sports Affairs must work together to ensure effective implementation.

In implementing health-promoting school programmes in cooperation between the Ministry of Education and the Ministry of Health, schools must provide life-skills education to promote healthy diets and lifestyles, while ensuring a clean environment through measures such as keeping schools free of waste, providing clean and hygienic fly-proof toilets, and ensuring access to clean water. Students should also be taught and encouraged to maintain personal hygiene practices, including proper handwashing and toothbrushing. School-based deworming programmes should be conducted to prevent anaemia, while iron tablets should be provided twice a week to female students in middle and high schools. School-based nutrition programmes will also be necessary. Measures must also be taken to ensure food safety in schools. School canteens and snack shops should be inspected regularly and permitted to sell only nutritious and healthy foods. Food vendors should undergo health examinations, while primary school health services, including regular eye and dental care, should also be provided.

A "Central School Health Committee" has already been formed to supervise school health programmes included in the National Health Plan and to ensure that health and physical fitness programmes for all students and young people are implemented more effectively and successfully. Similarly, School Health Committees should be formed at the regional and state, district, township and school levels, comprising education and health personnel as well as social organizations and individuals who are genuinely interested and capable of contributing, and they should be encouraged to work effectively and successfully.

It is understood that individual health examination record cards for students have been maintained since the 2022-2023 academic year, starting from Kindergarten (KG). Such health monitoring should cover not only primary school children but also adolescents. Therefore, starting from the current academic year, efforts should be made to ensure continuous coverage through Grade 12.

Moreover, as efforts are being made to increase life expectancy in the country by 2030, students should be trained from school age to adopt and maintain healthy lifestyles in order to reduce premature deaths. This will help produce human resources possessing the five strengths—physical, intellectual, moral, social and economic capabilities—needed for national development, with strong bodies and sound intelligence.

Therefore, children should be encouraged from an early age to develop lifelong habits of consuming a diverse and balanced diet containing all five food groups. Families should likewise develop good habits of consuming healthy, nutritious and balanced foods. The provision of school-based nutrition for KG students was launched in the 2024-2025 academic year through coordination between the Department of Public Health and the Department of Basic Education. The Ministry of Health has been allocated funds for the school nutrition programme, and an initial allocation of K2.82 billion was made for the 2026-2027 academic year, with further increases in funding planned.

As part of training and research activities under the health-promoting school programme, a study was conducted in 2025 on the health conditions of 1,155 adolescent students aged 13 to 17 from basic education high schools in Myanmar. According to the research findings, 23 percent of the students were underweighted, while 4.5 percent were obese. Only about one-third of the students engaged in physical activity for at least one hour per week. Around one-tenth of the students were experiencing stress. The study also found that some adolescent students had experimented with or used cigarettes, alcoholic beverages and drugs, including e-cigarettes (vapes).

As a policy, all schools have already been designated as smoke-free schools, and it is necessary to ensure that they are smoke-free in practice as well. The sale and advertising of cigarettes and tobacco products are legally prohibited within 100 feet of school premises. In addition, the use and possession of e-cigarettes and related products are already prohibited by law. Therefore, these regulations must be strictly enforced in accordance with the law, with effective action taken against violations.

Measures must be taken at schools to encourage all students to actively participate in awareness-raising campaigns for healthy and nutritious lifestyles such as taking physical exercises and playing sports, and abstaining from vape, alcohol and drugs. As for mental health, all stakeholders are urged to cooperate and place emphasis on enabling students to get enough sleep and collectively helping by parents and teachers to students who are suffering from stress through helpful environments and positive relations.

As students today are human resources essential to national development in the future, it is necessary to place emphasis on school health and nutrition programs for all- round development including physical and mental growth of children. All stakeholders are urged to help students to firmly adopt healthy habits of eating healthy diets and healthy behaviors including abstaining from drinking, smoking, vaping and abusing drugs since childhood. All stakeholders are urged again to provide Healthcare services to students by reviewing data from their annual medical records and

*See Page 14*

# 34 illegal Chinese nationals in online gambling fraud operations arrested along with equipment near Seesaw Village, Laihka Township





**Illegal Chinese nationals, engaged in online gambling fraud near Seesaw Village, Laihka Township, arrested along with their equipment.**

**Nay Pyi Taw August 10**

The Government of Myanmar is intensifying joint inspection and identification efforts with teams comprising relevant departmental officials in various regions and states, to ensure that online gambling fraud, which poses a global threat, finds no foothold whatsoever within Myanmar.

In the course of these operations, upon receiving information that online gambling fraud activities were being conducted in Laihka Township, Southern Shan State, combined Tatmadaw columns, including joint teams, carried out necessary search and verification procedures. This morning, at a point approximately 2,500 meters southeast of Seesaw Village, Laihka Township, they apprehended 17 illegal Chinese nationals who had been engaged in online gambling fraud, along with the following items used in their operations: one temporary work shelter tent measuring 50 feet in length, 20 feet in width, and 15 feet in height; one temporary living quarters tent measuring 60 feet in length, 20 feet in width, and 15 feet in height; one kitchen tent measuring 15 feet in length, 15 feet in width, and 10 feet in height; one temporary living quarters tent measuring 30 feet in length, 20 feet in width, and 15 feet in height; 10 Star Link units; 2 Star Link dishes; 25 laptops; 6 Power Stations; 6 Wifi U6 Pro units; 1 medium-sized freezer; plastic tables and chairs; and 2 generators.

Subsequently, the Tatmadaw columns conducted cordon and search operations around the area. They further apprehended 11 illegal Chinese nationals who had been engaged in online gambling fraud, at approximately 2,000 meters southeast of Seesaw Village, and another 6 illegal Chinese nationals who had been engaged in online gambling fraud, at approximately 1,700 meters south of Seesaw Village. In total, 34 illegal Chinese nationals involved in online gambling fraud operations were arrested.

After necessary interrogations of those apprehended for engaging in online gambling fraud are completed, they will be subjected to effective and severe legal action in accordance with existing laws, and the seized equipment will be processed according to established procedures.

The State is actively continuing its anti-online gambling fraud efforts, in collaboration with neighbouring countries, regional nations, and international organizations, to eradicate online gambling fraud offenses and to prevent such operations from establishing a foothold within Myanmar.

100

*From Page 13*

to take school Healthcare and nutrition programs and all-round development of students seriously. In conclusion, the President urged all stakeholders to place emphasis on nurturing treasured sons and daughters of the future of the country who are healthy and strong in five strengths by carrying out school healthcare and advanced school healthcare programs more effectively.

Then, the president presented prizes to heads of schools, which won outstanding first awards in school healthcare at basic education high, middle and primary levels including No. 27 Basic Education High School, Pyigyitagon Township, Mandalay Region, No. 1 Basic Education Middle School, Dagon Township, Yangon Region and Basic Education Primary School - Taungbohgyi (North), Nyaungshwe Township, Southern Shan State.

Afterward, Vice Presidents U Nyo Saw and Daw Nan Ni Ni Aye presented outstanding second and third awards at basic education high, middle and primary school levels to award-winning schools.

Then, the President and attendees enjoyed a video clip of programs for advanced school healthcare and the musical performance to the advanced school healthcare song titled “Let’s Eat All Kinds of Nutritious Food Items.” After the musical performance, the President and attendees posed for documentary photographs.

After the ceremony, the President and attendees observed documentary photographs commemorating school healthcare week campaign (2026-2027) academic year (central level) and the President gave necessary instructions on after discussing the needs based on reports of officials.

Then, the President and party observed the demonstration of cuisines collectively prepared by teachers and parents for feeding nutritious food at schools as a school healthcare week campaign held at No. 6 Basic Education High School, Zabuthiri Township, Nay Pyi Taw Council Area, discussions about healthy and nutritious food groups and healthy daily lifestyles by students, feeding nutritious cuisines to KG students prepared by teachers and parents and musical performance of school healthcare song,” Let’s Eat All Kinds of Nutritious Food Items,” by students and the President, the Vice Presidents and party feed anthelmintic drugs and ferrous supplements to students according to their age groups.

Afterward, the President and party observed the demonstration of sanitation tasks such as covering, emptying, checking and changing,and systematic hand washing and correct teeth-brushing by primary students, group discussions of carrying out five healthy cleanliness at the school library by middle and high school students, learning by interactive group discussions about dangers caused by drinking, smoking including vaping e-cigarettes and abusing drugs, responses to health quizzes by students, basic medical check-ups for KG, primary, middle and high school students, eyecare for middle and high school students, check-ups for dental and oral hygiene and school healthcare operations one after another, before giving necessary instructions on reports of officials and warmly greeting students.

MNA

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကနီ ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကနီမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၃၀၈၀၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၁၂၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကနီမြို့နယ်မှာ ပဲစင်းငုံ ၃၀၈၀၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၃၁၂၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲစင်းငုံ စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြသည်။

ယခုနှစ် ကနီမြို့နယ်တွင် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးနုပိဿာချိန် ၇၄၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျောင်းကုန်း ဩဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးနုပိဿာချိန် ၇၄၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ငွေးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်နှစ်လက ကွမ်းသီးနုပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကွမ်းသီးနုပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးနုများ တင်ပို့အားကောင်းလာခြင်းသည် ရန်ကုန်ဈေးကွက်မှ ကွမ်းသီးနုများ ဝယ်လိုအား



ကောင်းနေခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်ထဲကနေ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးနုပိဿာချိန် ၇၄၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ကွမ်းသီးနုတွေ အမှာကုန်များလာလို့ ရန်ကုန်ဈေးကွက်ကို တင်ပို့ကုန်အများအပြား တင်ပို့ခဲ့ရတာဖြစ်ပါတယ်။ လက်ရှိ ကွမ်းသီးနုတစ်ပိဿာကို ငွေကျပ် ၁၃၅၀၀ ထိ ပေါက်ဈေးရှိပါတယ်။ လက်ရှိ ကွမ်းသီးနုတွေ အရောင်းအဝယ်ဖြစ်နေတော့ ကွမ်းသီးစိုက်သူတွေ လုပ်ငန်းအဆင်ပြေနေပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ငွေး က ပြောပြသည်။

ကျော်ကျော်လင်း

# သံတောင်ကြီးမြို့နယ် အလယ်ချောင်း(အောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတောင်ကြီး ဩဂုတ် ၁၀**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလယ်ချောင်း(အောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မျိုးအောင်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်း လျော့ကျလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ ရန်ပုံငွေကျပ် ၃၂ ဒသမ ၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက အလယ်ချောင်း (အောက်) ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၂၄ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၈ ဒသမ ၁ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၅ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညို




# တောင်တွင်းကြီးမြို့နယ် ကျခတ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်



**တောင်တွင်းကြီး ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျခတ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၉ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက ကျခတ်ကန်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် တာဝန်ယူ၍ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများနှင့် ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဦးစီးမှူးက တက်ရောက်လာသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

နွဲ့ယဉ်


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု(ဗဟိုအဆင့်) အထိမ်းအမှတ်အခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

ရှေ့ဖုံးမှအဆက်

မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၁သို့ရောက်ရှိရာ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူ မောင်မယ်လေးများနှင့်ကျန်းမာရေးဝန်ထမ်းများက လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်သမ္မတက ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု(ဗဟိုအဆင့်) အထိမ်းအမှတ် အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ ထူးချွန်ဆုရရှိကြသည့် ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း ဇမ္ဗူသီရိမြို့နယ် နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်လေးများက ကျောင်းကျန်းမာရေးမြှင့်တင်ရေး သီချင်းဖြစ်သည့် **“ဘဝတွက်တာ ကျောင်းကျန်းမာ”** သီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးကဏ္ဍတွင် နိုင်ငံသားတိုင်းကျန်းမာကြံ့ခိုင်မှုရှိစေရေးနှင့် သက်တမ်းစေ့အသက်ရှည်စွာ နေနိုင်ရေးအတွက် **“လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိ”** ဟူသည့် ဦးတည်ချက်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်နှင့် ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် **“ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်”** ဟူသည့်အတိုင်း ငယ်ရွယ်စဉ်ကလေးဘဝကစပြီး အသက်အရွယ်ကြီးပြင်းလာသည်ထိ ကျန်းမာရေးနှင့်ညီညွတ်သည့် လူနေမှုဘဝပုံစံများကို ကျင့်သုံးသွားစေရန် အလွန်အရေးကြီးကြောင်း၊ ထို့ပြင် ကျန်းမာရေးနှင့်ညီညွတ်သည့် အမူအကျင့်များကို ကျောင်းသား၊ ကျောင်းသူများမှတစ်ဆင့် မိသားစုနှင့် ပြည်သူလူထုအတွင်း ပျံ့နှံ့ကျင့်သုံးလာစေပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လူမှုအသိုက်အဝန်းတစ်ခုဖြစ်အောင် ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်) အထိမ်းအမှတ် အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။

မြန်မာနိုင်ငံတွင် ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကိုလိုနီခေတ်က စတင်ဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကပြဋ္ဌာန်းထားသည့် ကျန်းမာရေးအဆင့်မြှင့်ကျောင်း လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ရောဂါကာကွယ်ခြင်းသာမက ကျောင်းသားများ၏ ကိုယ်ကျန်းမာရေး၊ စိတ်ကျန်းမာရေး၊ အာဟာရနှင့်ကျန်းမာသည့် ဘဝနေထိုင်မှုပုံစံကိုပါ မြှင့်တင်ပေးသည့် ဘက်စုံကျောင်းကျန်းမာရေးစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပညာရေးအပိုင်းကလည်း ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိများပိုမိုရရှိစေရေး ကျောင်းသင်ခန်းစာများတွင် ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်ကို ထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း။





ဒုတိယသမ္မတ ဦးညိုစော ကျောင်းကျန်းမာရေးလုပ်ငန်းထူးချွန်ဆုရရှိသည့် ကျောင်းအတွက် ဆုပေးအပ်ချီးမြှင့်စဉ်။





ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ကျောင်းကျန်းမာရေးလုပ်ငန်းထူးချွန်ဆုရရှိသည့် ကျောင်းအတွက် ဆုပေးအပ်ချီးမြှင့်စဉ်။

ကျန်းမာရေး အဆင့်မြှင့်ကျောင်း လုပ်ငန်းစဉ်များကို ကျန်းမာရေးနှင့်ပညာရေး ဝန်ထမ်းများအပြင် ကျောင်းသားမိဘများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးကလည်း သိရှိပြီး ပူးပေါင်းပါဝင်ပံ့ပိုးပေးကြရန်လိုအပ်ကြောင်း၊ ယင်းရည်ရွယ်ချက်ဖြင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများကို နှစ်စဉ်ဩဂုတ်လဒုတိယပတ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပုံမှန်ဆောင်ရွက်ကြခြင်းပင်ဖြစ်ကြောင်း၊ အလားတူ နှစ်စဉ် ဩဂုတ်လ ဒုတိယပတ်တွင် **“ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်”**ကိုလည်း တစ်ချိန်တည်း ဆောင်ရွက်ကြောင်းကို သိရှိရကြောင်း။

ထိုသို့ ကျောင်းကျန်းမာရေးသီတင်းပတ်နှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်တို့ကို တစ်ချိန်တည်း ဆောင်ရွက်ခြင်းအားဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေးကို စစ်ဆေးပေးနိုင်သည့်အပြင် အရပ်၊ ကိုယ်အလေးချိန်နှင့် အာဟာရဖွံ့ဖြိုးမှုအခြေအနေများကိုပါ တိုင်းတာ အကဲဖြတ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ကျောင်းသား၊ ကျောင်းသူများ၏ အာဟာရချို့တဲ့မှု၊ အဝလွန်မှုနှင့် ကြီးထွားဖွံ့ဖြိုးမှုဆိုင်ရာပြဿနာများကို စောစီးစွာ ဖော်ထုတ်နိုင်ပြီး သင့်တော်သည့်ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း မိဘ၊ ဆရာများနှင့် ကျန်းမာရေးဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့

ဆောင်ရွက်ခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများတွင် ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ ကျောင်းမှန်မှန်တက်ရောက်မှု၊ သင်ယူနိုင်စွမ်းမြင့်မားမှု၊ ပညာရေးတွင် ထူးချွန်မှုစသည်တို့ကို ပိုမိုမြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး အနာဂတ်တွင် တိုင်းပြည်အတွက် အဖိုးတန်ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များကို ရရှိလာစေမည်ဖြစ်ကြောင်း။

ကျောင်းသားလူငယ်များ၏ ကာယ၊ ဉာဏဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကလေးများ မိခင်ဝမ်းအတွင်း သန္ဓေသားအဖြစ်ရှိနေချိန်မှစတင်ပြီး လိုအပ်သည့် အာဟာရဓာတ်များနှင့် ပြည့်စုံစေရန် ကိုယ်ဝန်ဆောင်မိခင်များ၏ အာဟာရပြည့်ဝရန်လည်းလိုအပ်ကြောင်း၊ မွေးဖွားပြီး မွေးကင်းစအရွယ်မှ ကလေးအသက် နှစ်နှစ်ပြည့်သည်ထိ **“ဘဝရှေ့ဆောင်ရက်ပေါင်း တစ်ထောင်”** ကာလအတွင်း၌လည်း အာဟာရပြည့်ဝအောင် ပြုစုကျွေးမွေးစောင့်ရှောက်ရန်အရေးကြီးကြောင်း၊ ထို့ကြောင့် အဆိုပါကာလအတွင်း ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးများ အာဟာရပြည့်ဝစွာစားသောက်နိုင်ရေးအတွက်လည်း ငွေကြေးထောက်ပံ့ပေးသည့် အစီအစဉ်(MCCT)ကို လူမှုဝန်ထမ်းဦးစီးဌာနက တိုင်းဒေသကြီး၊ ပြည်နယ် ခုနစ်ခုတွင်ရှိသည့် ဦးစားပေးဒေသများ၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအပါအဝင် နီးနွယ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆက်လက်ပြီး အသက်ငါးနှစ်အောက် ကလေးများ၏ အာဟာရဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်အရွယ်အလိုက် အာဟာရပြည့်ဝမျှတစွာ ကျွေးမွေးပြုစုတတ်စေရန် ကျန်းမာရေးပညာပေးခြင်း၊ အာဟာရဖွံ့ဖြိုးမှု အခြေအနေကိုပုံမှန်စစ်ဆေးပြီး လိုအပ်သည့်ပြုစုကုသမှုများပေးခြင်းတို့ကိုလည်း အခြေခံကျန်းမာရေးဝန်ထမ်းများက ရပ်ရွာအခြေပြုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် လူမှုဝန်ထမ်းဦးစီးဌာနနှင့်ပူးပေါင်းပြီး မူကြိုကျောင်းများတွင်လည်း ကျန်းမာရေးကြည့်ရှုစောင့်ရှောက်ပေးသည့်လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

ကျောင်းသားလူငယ်များ ကျန်းမာကြံ့ခိုင်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းနေအရွယ် ကလေးငယ်များတွင် အာဟာရဓာတ်များ ပိုမိုပြည့်ဝစွာရရှိစေရန်နှင့် အားကစားပြိုင်ပွဲများ ကျင်းပပေးရေးကိုလည်း အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများကို ကျန်းမာရေးရှုထောင့်အရ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့်ကျောင်းများဖြစ်အောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကျောင်းသားတစ်ဦးချင်းအလိုက် ကျောင်းကျန်းမာရေးစစ်ဆေးမှုများကို မှတ်တမ်းမှတ်ရာများဖြင့် စနစ်တကျ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် အခြေခံပညာအတန်းအားလုံး လွှမ်းခြုံမှုရှိအောင် ထပ်မံတိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားရေးရာဝန်ကြီးဌာနတို့က တာဝန်ရှိသူများအနေဖြင့် ယင်းကိစ္စနှင့်ပတ်သက်ပြီး ထိထိရောက်ရောက်အောင်မြင်အောင် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှုနှင့် လူနေမှုပုံစံများရရှိစေရေးဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်သင်ကြားပေးခြင်း၊ အမှိုက်ကင်းစင်ရေး၊ သန့်ရှင်းသည့် ယင်လုံအိမ်သာသုံးစွဲရေး၊ သန့်ရှင်းသည့်ရေရရှိရေးစသည့်ပတ်ဝန်းကျင်သန့်ရှင်းရေးများကို ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် တစ်ကိုယ်ရေသန့်ရှင်းရေးအလေ့အကျင့်များ ရရှိကျင့်သုံးစွဲမြဲစေရန် စနစ်တကျလက်ဆေးခြင်း၊ သွားတိုက်ခြင်းစသည်တို့ကို သင်ကြားပေးခြင်း၊ သွေးအားနည်းရောဂါကာကွယ်ရန် ကျောင်းအခြေပြု သန်ချဆေးတိုက်ကျွေးခြင်းနှင့် အလယ်တန်းနှင့် အထက်တန်းကျောင်းသူများကို သံဓာတ်ဆေးပြားတစ်ပတ်လျှင်နှစ်ကြိမ်တိုက်ကျွေးခြင်း၊ ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းတို့လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ကျောင်းတွင်း အစားအစာများ အန္တရာယ်ကင်းဝေးစေရေးလုပ်ငန်းများဖြစ်သည့် ကျောင်းမုန့်ဈေးတန်းကိုလည်း ပုံမှန်စစ်ဆေး၍ အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများကိုသာ ရောင်းချစေခြင်း၊ အစားအစာရောင်းချသူများကို ကျန်းမာရေး



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကျောင်းကျန်းမာရေး လုပ်ငန်းများထူးချွန်ဆု ပထမရရှိသည့် ကျောင်းအတွက် ဆုပေးအပ်ချီးမြှင့်စဉ်။

စစ်ဆေးခြင်း၊ မျက်စိနှင့် သွားကျန်းမာရေး စောင့်ရှောက်မှုအပါအဝင် ပဏာမကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်က ချမှတ်ထားသော အမျိုးသားကျန်းမာရေးစီမံကိန်းတွင် ပါဝင်သည့် ကျောင်းကျန်းမာရေးစီမံချက်များကို ကြီးကြပ်ဆောင်ရွက်နိုင်ရန်နှင့် ကျောင်းသားလူငယ်တစ်ရပ်လုံး ကျန်းမာကြံ့ခိုင်စေရေး ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် “ကျောင်းကျန်းမာရေးဗဟိုကော်မတီ”ကို ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ အလားတူ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ကျောင်းအဆင့်များတွင် ကျောင်းကျန်းမာရေးကော်မတီများကို ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများအပြင် လူမှုရေးအသင်းအဖွဲ့များ၊ အမှန်တကယ် စိတ်ပါဝင်စားစွာ ဆောင်ရွက်ပေးနိုင်သူများနှင့်ဖွဲ့စည်းပြီး ထိရောက်အောင်မြင်အောင် လုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယခုကဲ့သို့ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းအလိုက် ကျန်းမာရေးစစ်ဆေးမှုမှတ်တမ်းကတ်များ ထားရှိခြင်းကို ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် KG မှ စတင်ဆောင်ရွက်လျက်ရှိသည်ဟုသိရှိရကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မူလတန်းအရွယ်ကလေးများအပြင် ဆယ်ကျော်သက်အရွယ် ကလေးများတွင်ပါ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ယခု ပညာသင်နှစ်မှစတင်ပြီး Grade–12 ထိ စဉ်ဆက်မပြတ်လွှမ်းခြုံမှုရရှိအောင် အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ထို့ပြင် ၂၀၃၀ ပြည့်နှစ်တွင် မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းတိုးမြှင့်လာရေးဆောင်ရွက်လျက်ရှိခြင်းကြောင့် အရွယ်မတိုင်ခင်သေဆုံးမှုများကို လျှော့ချရန်အတွက် ကျန်းမာရေးနှင့်ညီညွတ်သည့် လူနေမှုဘဝပုံစံများရရှိစွဲမြဲကျင့်သုံးတတ်စေရန်ကျောင်းနေစဉ်အရွယ်ကတည်းက လေ့ကျင့်သင်ကြားပေးသွားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ကိုယ်ခန္ဓာကြံ့ခိုင်ဖွံ့ဖြိုးပြီး ဉာဏ်ရည်ထက်မြက်သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် **စာမျက်နှာ ၁၈ သို့**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် KG ကျောင်းသား၊ ကျောင်းသူလေးများအား အာဟာရဖြည့်ဟင်းလျာများကျွေးမွေးနေမှုကို ကြည့်ရှုစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မူလတန်း ကျောင်းသား၊ ကျောင်းသူများက စနစ်တကျလက်ဆေးခြင်းနှင့် စနစ်မှန်သွားတိုက်ခြင်း သရုပ်ပြသမှုကို ကြည့်ရှုစဉ်။

**ကျန်းမာရေးနှင့်ညီညွတ်သည့် အမူအကျင့်များကို ကျောင်းသား၊ ကျောင်းသူများမှတစ်ဆင့် မိသားစုနှင့် ပြည်သူလူထုအတွင်း ပျံ့နှံ့ကျင့်သုံးလာစေပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လူမှုအသိုက်အဝန်းတစ်ခုဖြစ်အောင် ဖော်ဆောင်သွားကြရမည်ဖြစ် . . .**

**ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းအတွက် ကျန်းမာရေးဝန်ကြီးဌာနကို ခွင့်ပြုရန်ပုံငွေများချထားပေးလျက်ရှိပြီး ယခု ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင်လည်း ရန်ပုံငွေကျပ် ၂ ဒသမ ၈၂ ဘီလီယံကို ပထမအကြိမ် ခွဲဝေချထားခဲ့ပြီး ဆက်လက်၍လည်း တိုးမြှင့်ချထားပေးသွားမည်ဖြစ် . . .**

စာမျက်နှာ ၁၇မှအဆက်

ဗလငါးတန်နှင့်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များကိုရရှိမည်ဖြစ်ကြောင်း။

ထို့ကြောင့် ကလေးအရွယ်မှစပြီး ဘဝတစ်သက်တာတွင် အစာအမျိုးအမည်ငါးမျိုးပါအောင်စုံလင်စွာစားသောက်တတ်သည့် အလေ့အကျင့်နှင့် မိသားစုများပါ ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရပြည့်ဝမျှတသော အစားအသောက်များစားသုံးတတ်သည့် အလေ့အကျင့်ကောင်းများရရှိကျင့်သုံးကြရန်လိုကြောင်း၊ KG ကျောင်းသား၊ ကျောင်းသူများကို ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းညှိနှိုင်းပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်က စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းအတွက် ကျန်းမာရေးဝန်ကြီးဌာနကို ခွင့်ပြုရန်ပုံငွေများ ချထားပေးလျက်ရှိပြီး ယခု ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင်လည်း ရန်ပုံငွေကျပ် ၂ ဒသမ ၈၂ ဘီလီယံကို ပထမအကြိမ်ခွဲဝေချထားခဲ့ပြီး ဆက်လက်၍လည်း တိုးမြှင့်ချထားပေးသွားမည်ဖြစ်ကြောင်း။

ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းစဉ်များထဲမှ တစ်ခုဖြစ်သည့် သင်တန်းနှင့် သုတေသနလုပ်ငန်းအနေဖြင့် ၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ၁၃ နှစ်မှ ၁၇ နှစ်အတွင်း ဆယ်ကျော်သက်ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၁၁၅၅ ဦး၏ ကျန်းမာရေးဆိုင်ရာ အခြေအနေများကို လေ့လာဆန်းစစ်ခဲ့သည်ကို သိရှိရကြောင်း၊ အဆိုပါသုတေသနရလဒ်အရ ကိုယ်အလေးချိန် လျော့နည်းသည့် ကျောင်းသား၊ ကျောင်းသူ ၂၃ ရာခိုင်နှုန်းနှင့် အဝလွန်သည့် ကျောင်းသား၊ ကျောင်းသူ ၄ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူ သုံးပုံတစ်ပုံခန့်သာ တစ်ပတ်လျှင် အနည်းဆုံးတစ်နာရီခန့် ကိုယ်လက်လှုပ်ရှားမှုရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူ ဆယ်ပုံတစ်ပုံခန့်က စိတ်ဖိစီးမှုများခံစားနေရကြောင်း၊ ဆယ်ကျော်သက်ကျောင်းသား၊ကျောင်းသူများမှာ အီး-စီးကရက်(Vape) အပါအဝင် ဆေးလိပ်၊ အရက်ပါဝင်သည့် အဖျော်ယမကာနှင့် မူးယစ်ဆေးစမ်းသပ်သုံးစွဲမှုများရှိနေသည်ကိုလေ့လာတွေ့ရှိရကြောင်း။

ကျောင်းအားလုံးကို ဆေးလိပ်ကင်းစင်သည့်ကျောင်းများအဖြစ် မူဝါဒချမှတ်ပြီးဖြစ်သဖြင့် လက်တွေ့အခြေအနေတွင်လည်း ဆေးလိပ်ကင်းစင်သည့်ကျောင်းများဖြစ်စေရန်လိုအပ်ကြောင်း၊ ကျောင်းပတ်ဝန်းကျင် ပေ ၁၀၀ အတွင်း ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ရောင်းချခြင်းနှင့် ကြော်ငြာခြင်းတို့ကို ဥပဒေအရ ပိတ်ပင်တားမြစ်ထားကြောင်း၊ ထို့ပြင် အီး-စီးကရက်နှင့် ဆက်စပ်ပစ္စည်းများသုံးစွဲခြင်းနှင့် လက်ဝယ်ထားရှိခြင်းကို ဥပဒေဖြင့် ပိတ်ပင်တားမြစ်ထားပြီးဖြစ်သည့်အတွက် ဥပဒေနှင့်အညီ ထိန်းသိမ်းကြပ်မတ်ကြရန်နှင့် ထိထိရောက်ရောက်အရေးယူဆောင်ရွက်ရန် လိုအပ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကျောင်းသား၊ ကျောင်းသူများကို သန်ချဆေးနှင့် သံဓာတ်အားဆေးများ တိုက်ကျွေးစဉ်။

ကျောင်းများတွင် ကျန်းမာရေးနှင့်ညီညွတ်သော အာဟာရပြည့်ဝသည့် နေထိုင်စားသောက်မှုနှင့် လူနေမှုပုံစံများဖြစ်သည့် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်း၊ ဆေးလိပ်၊ Vape၊ အရက်နှင့် မူးယစ်ဆေးဝါးရှောင်ကြဉ်ခြင်း စသည့် ပညာပေးလှုပ်ရှားမှု အစီအစဉ်များတွင် ကျောင်းသား၊ ကျောင်းသူ အားလုံးတက်ကြွစွာပါဝင်လာစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိတ်ကျန်းမာရေးကောင်းမွန်စေရေးနှင့်ပတ်သက်ပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် လုံလောက်သည့် အိပ်စက်ချိန်ရရှိရေး၊ စိတ်ဖိစီးမှုများခံစားနေရသည့်ကလေးများကို မိဘနှင့်ဆရာများကပူးပေါင်းပြီး ကူညီပံ့ပိုးမှုရှိသည့် ပတ်ဝန်းကျင်များ၊ အပြုသဘောဆောင်သည့်ဆက်ဆံရေးများနှင့် အားပေးကူညီခြင်းတို့ကိုလည်း သက်ဆိုင်သူအားလုံးက ပူးပေါင်းပြီး ပိုမိုအလေးထားဆောင်ရွက်ပေးကြရန်တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ ကျောင်းသားလူငယ်များသည် နောင်အနာဂတ်ကာလတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လူသားအရင်းအမြစ်များဖြစ်ခြင်းကြောင့် ကလေးများ ကာယ၊ ဉာဏ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာများစားသုံးတတ်သည့် အလေ့အကျင့်ကောင်းများကို ငယ်စဉ်ကတည်းက ရရှိစွဲမြဲကျင့်သုံးနိုင်စေရန်နှင့် အရက်၊ ဆေးလိပ်၊ Vape နှင့် မူးယစ်ဆေးရှောင်ကြဉ်မှုအပါအဝင် ကျန်းမာရေးနှင့်ညီညွတ်သည့် အမူအကျင့်များကို ကျောင်းသားလူငယ်ဘဝကတည်းက သိရှိလိုက်နာကျင့်သုံးအောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ နှစ်စဉ်ကျန်းမာရေးစစ်ဆေးမှုမှတ်တမ်းကတ်ပါ အချက်အလက်များကို ပြန်လည်သုံးသပ်ပြီး လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများကို ထိထိရောက်ရောက်ဆောင်ရွက်ပေးကြရန်နှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကျောင်းသားလူငယ်များဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်ကြရန်တိုက်တွန်းပြောကြားလိုကြောင်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့် ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ်များကို ယခုထက်ပို၍ ထိရောက်စွာဆောင်ရွက်ကြပြီး ကျန်းမာကြံ့ခိုင်သည့်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံတော်၏ အနာဂတ်သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွက်လာရေး အလေးထားဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

**ယနေ့ ကျောင်းသားလူငယ်များသည် နောင်အနာဂတ်ကာလတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်လူသားအရင်းအမြစ်များဖြစ်ခြင်းကြောင့် ကလေးများ ကာယ၊ ဉာဏ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးကြရန်လိုအပ် . . .**

ဆက်လက်၍ နိုင်ငံတော်သမ္မတက ကျောင်းကျန်းမာရေးလုပ်ငန်းများထူးချွန်ဆုပထမဆုရရှိကြသည့် ကျောင်းများဖြစ်ကြသည့် အခြေခံပညာအထက်တန်းအဆင့်တွင် ပထမဆုရရှိသည့် အမှတ်(၂၇) အခြေခံပညာ အထက်တန်းကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ် မန္တလေးတိုင်းဒေသကြီး၊ အခြေခံပညာအလယ်တန်းအဆင့်တွင် ပထမဆုရရှိသည့် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊အခြေခံပညာမူလတန်းအဆင့်တွင် ပထမဆုရရှိသည့် အခြေခံပညာမူလတန်းကျောင်း တောင်ပို့ကြီး(မြောက်) ညောင်ရွှေမြို့နယ် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့မှ ကျောင်းအုပ်ကြီးများကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေးတို့က အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်း ကျန်းမာရေးလုပ်ငန်းထူးချွန်ဆု ဒုတိယဆုနှင့် တတိယဆုရရှိကြသည့် ကျောင်းများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ကျောင်းကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းများ Video Clip နှင့် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူလေးများက ကျောင်းကျန်းမာရေးမြှင့်တင်ရေးသီချင်းဖြစ်သည့် “စုံအောင်စားစို့”တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကိုကြည့်ရှုကြပြီး နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု(ဗဟိုအဆင့်) အထိမ်းအမှတ်လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြမှုအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ဇမ္ဗူသီရိမြို့နယ် နေပြည်တော်ကောင်စီနယ်မြေတွင် ကျင်းပသည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းအတွက် ဆရာ၊ ဆရာမများနှင့် မိဘများ ပူးပေါင်း ပြင်ဆင်ချက်ပြုတ်ထားသည့် ဟင်းလျာများပြသထားရှိမှု၊ ကျောင်းသား၊ ကျောင်းသူများက အာဟာရပြည့်ဝကျန်းမာစွာဖြင့် စားသုံးနိုင်သည့် အစားအစာအုပ်စုများနှင့် တစ်နေ့တာကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုဘဝပုံစံအကြောင်းရှင်းလင်းတင်ပြမှု၊ KG ကျောင်းသား၊ ကျောင်းသူလေးများကို ဆရာ၊ ဆရာမများနှင့် မိဘများပူးပေါင်း ပြင်ဆင်ချက်ပြုတ်ထားသည့်အာဟာရဖြည့် ဟင်းလျာများကျွေးမွေးနေမှု၊ ကျောင်းကျန်းမာရေးမြှင့်တင်ရေးသီချင်းဖြစ်သည့် “စုံအောင်စားစို့” တေးသီချင်းဖြင့် ကျောင်းသား၊ ကျောင်းသူများက သရုပ်ဖော်ကပြတင်ဆက်မှုတို့ကိုကြည့်ရှုကြပြီး နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် အဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူများကို ၎င်းတို့အသက်အရွယ် ကျား၊မ အုပ်စုအလိုက် သန်ချဆေးနှင့် သံဓာတ်အားဆေးများကို တိုက်ကျွေးပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မူလတန်းကျောင်းသား၊ ကျောင်းသူများက ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း သရုပ်ပြသမှု၊ မူလတန်းကျောင်းသား၊ ကျောင်းသူများက စနစ်တကျလက်ဆေးခြင်းနှင့် စနစ်မှန်သွားတိုက်ခြင်းသရုပ်ပြသမှု၊ ကျောင်းစာကြည့်တိုက်တွင် အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူများက ကျန်းမာရေးနှင့်အညီ သန့်ငါးသန့် ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ အဖွဲ့လိုက်ဆွေးနွေးမှု၊ အီး-စီးကရက်(Vape) အပါအဝင် ဆေးလိပ်၊ အရက်ပါဝင်သည့် အဖျော်ယမကာနှင့် မူးယစ်ဆေးသုံးစွဲမှုကြောင့်ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးအန္တရာယ်များနှင့်ပတ်သက်၍ အဖွဲ့လိုက်အပြန်အလှန် ဆွေးနွေးလေ့လာလျက်ရှိမှု၊ ကျန်းမာရေးနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများက ဉာဏ်စမ်းမေးခွန်းများ ဖြေဆိုလျက်ရှိမှု၊ အထွေထွေကျန်းမာရေးစစ်ဆေးမှုကို KG ၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူများတွင် ဆောင်ရွက်လျက်ရှိမှု၊ ပဏာမ မျက်စိစောင့်ရှောက်မှုလုပ်ငန်းများကို အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူများတွင် ဆောင်ရွက်လျက်ရှိမှုနှင့် သွားနှင့် ခံတွင်းကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်လျက်ရှိသည့် ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များ တစ်ခုချင်းစီအလိုက် လှည့်လည်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

PPIB News

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် သြဂုတ် ၁၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟုယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၁-၄-၂၀၂၆ တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဥက္ကဋ္ဌ ဦးထိန်လင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးစန်ပေ့၊ ဦးဆန်လူ၊ အထွေထွေအတွင်းရေးမှူး ဦးကြည်မြင့်၊ အမြဲတမ်းကော်မတီဝင် ဦးခမ်းမောင်၊ အတွင်းရေးမှူးအဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးအားလူနှင့် အတွင်းရေးမှူးများဖြစ်ကြသည့် ဦးအိုက်ပန်း၊ ဦးစိုင်းမောက်နှင့် ဦးဇင်ခမ်းနော်တို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) မိုင်းလားအဖွဲ့နှင့် နေပြည်တော်တွင် ဒုတိယအကြိမ် တွေ့ဆုံရသည့်အတွက် အထူးပင်လိုက်လှဲစွာကြိုဆိုပါကြောင်း၊ ပထမအကြိမ် မိုင်းလားတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ပြီး ယခင် NDAA ဥက္ကဋ္ဌဟောင်း ဦးစိုင်းလင်း၏ လမ်းစဉ်ကို ဆက်လက်လျှောက်လှမ်းမှုကို ဝမ်းသာပါကြောင်း၊ ယခင်ဥက္ကဋ္ဌဟောင်း ဦးစိုင်းလင်းနှင့်လည်း ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး တက်တက်ကြွကြွ ဆွေးနွေးခဲ့ကြကြောင်း၊ ယနေ့ ဆွေးနွေးပွဲတွင် မိုင်းလားဒေသကို မြင့်မားသည့် အဆင့်အတန်းတစ်ခုသို့ ရောက်ရှိအောင် တည်ဆဲဥပဒေများနှင့်အညီ ညှိနှိုင်းဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် လိုလားချက်များကို ပြေလည်အောင်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အချို့နိုင်ငံရေးဆိုင်ရာ လိုအပ်ချက်များသည် အဆင့်လိုက် လုပ်ဆောင်ရသည်များရှိပြီး ဌာနဆိုင်ရာများတွင်လည်း ၎င်းတို့၏ လုပ်ထုံးလုပ်နည်းများ ရှိသည့်အတွက် ညှိနှိုင်း ဆောင်ရွက်ရသည်များရှိကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် လိုအပ်ချက်များကို နှစ်ဖက်ပွင့်ပွင့်လင်းလင်းဆွေးနွေးပြီး တိုးတက်ကောင်းမွန်သော အရှေ့တစ်ခုသို့ ရောက်အောင် ဆွေးနွေးညှိနှိုင်းမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)ဥက္ကဋ္ဌ ဦးထိန်လင်းက ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရန် နေပြည်တော်သို့ ဖိတ်ခေါ်သည့်အတွက် ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီအနေဖြင့် ဒေသအတွင်းရှိ တိုင်းရင်းသားပြည်သူများကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခံရမှုအပေါ် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဇွန် ၁၇ ရက်တွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ပထမအကြိမ် မိုင်းလားတွင် တွေ့ဆုံဆွေးနွေးခဲ့ပြီး ယခုတစ်ကြိမ်ထပ်မံ၍ နေပြည်တော်တွင် ဆွေးနွေးခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ တက်ရောက်ရန် အလေးထားဖိတ်ခေါ်သည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ ဥက္ကဋ္ဌဟောင်း ဦးစိုင်းလင်း ချမှတ်ခဲ့သည့် "ငြိမ်းချမ်း၊ စည်းလုံး၊ ဖွံ့ဖြိုး" ဆိုသည့် လမ်းစဉ်အတိုင်း လျှောက်လှမ်းလာခဲ့ပါကြောင်း၊ ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးသည့် နည်းလမ်းဖြင့် ဖြေရှင်းခဲ့ပြီး နိုင်ငံတော်အစိုးရ အဆက်ဆက်နှင့်လည်း ကောင်းမွန်သည့်ဆက်ဆံရေးကို ထိန်းသိမ်းနိုင်ခဲ့ပါကြောင်း၊ ဥက္ကဋ္ဌဟောင်း ဦးစိုင်းလင်း၏ ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို အမွေဆက်ခံပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရနှင့် မကြာခဏတွေ့ဆုံဆွေးနွေးပြီး ပိုမိုရင်းနှီးသည့်ဆက်ဆံခြင်းမှ ယုံကြည်မှုကို မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်ပေးစေလိုပါကြောင်း၊ လမ်းညွှန်ချက်များအား ဒေသခံပြည်သူများကို ချပြဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသ တည်ငြိမ်ရေးအတွက် အလေးထား ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိမိတို့အပေါ် ဂရုစိုက်မှုများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက ဒေသဖွံ့ဖြိုးရေး၊ ဒေသတည်ဆောက်ရေး၊ ကျိုင်းတုံ-မိုင်းလား လမ်းမကြီးပြုပြင်ရေး၊ မိုင်းယု-ကျိုင်းယန်း တံတား ပုံမှန်ပြန်လည်ဖြတ်သန်းသွားလာနိုင်ရေး၊ နယ်စပ်ဒေသပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှု အဆင့်အတန်းကို စဉ်ဆက်မပြတ်မြှင့်တင်ပေးနိုင်ရန်အတွက် သင်ကြားရေးဝန်ထမ်းများ လေ့ကျင့်ပျိုးထောင်ခြင်း၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးခြင်း၊ ဆေးဝါးနည်းပညာဆိုင်ရာများဖလှယ်ခြင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ခြင်း အစရှိသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်ပေးရေး၊ စိုက်ပျိုးရေးထွက်ကုန်များအတွက် မူဝါဒပိုင်းဆိုင်ရာပံ့ပိုးမှုများကို နိုင်ငံတော်အစိုးရက ကူညီဆောင်ရွက်ပေးနိုင်ရေး ကိစ္စများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က နှစ်ဖက်ယုံကြည်မှုတည်ဆောက်ရေး အလားအလာကောင်းနှင့် နိုင်ငံရေးဆွေးနွေးပွဲများသည် နိုင်ငံတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် များစွာအထောက်အကူပြုမှု၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များနှင့် နှစ်ဖက်တိုက်ရိုက်ဆက်ဆံရေး ခိုင်မာစေရေး တင်ပြဆွေးနွေးချက်များအပေါ် NSPNC ဘက်မှ နိုင်ငံတော်အကြီးအကဲထံ ဆက်လက်တင်ပြပြီး ညွှန်ကြားချက် မူဝါဒများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဆွေးနွေးအဖြေရှာခြင်းနည်းလမ်းကို အဆင့်လိုက်တိုးမြှင့်ဆောင်ရွက်သွားရေး၊ NDAA ၏ ခေါင်းဆောင်မှု အပြောင်းအလဲနှင့် ခေါင်းဆောင်သစ်များစုဖွဲ့မှုများ၊ "ငြိမ်းချမ်း၊ စည်းလုံး၊ ဖွံ့ဖြိုးမှု" မူဝါဒနှင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်နိုင်သည့် အချက်အလက်များကို အဓိကထားစဉ်းစားဆောင်ရွက်မှုများနှင့် နိုင်ငံရေးဆိုင်ရာကိစ္စရပ်များ၏ လိုအပ်ချက်များကို ဆက်လက်ဆွေးနွေးနိုင်ရေးတို့ကို တင်ပြဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန် ညှိနှိုင်းပြီး မှတ်တမ်းကို လက်မှတ်ရေးထိုး အတည်ပြုကြသည်။

ယင်းနောက် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့က ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကာ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်၍ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)ဥက္ကဋ္ဌ ဦးထိန်လင်းက ရောဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



☆ **ကျောဖုံးမှအဆက်**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိမှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် အထောက်အကူ ဖြစ်စေရေးအတွက် နိပ္ပွန်ဖောင်ဒေးရှင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌအနေဖြင့် တတ်နိုင်သည့်ဘက်က ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆောင်ရွက်နိုင်ရန်အတွက် နိပ္ပွန်ဖောင်ဒေးရှင်းက ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံရှိ နည်းပညာတက္ကသိုလ်များတွင် လျှင်ဘေးဒဏ်ခံနိုင်သည့် အဆောက်အအုံများဆောက်လုပ်ခြင်းဆိုင်ရာ ဘာသာရပ်များသင်ကြားပို့ချပေးနိုင်ရေး နိပ္ပွန်ဖောင်ဒေးရှင်းက ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

PPIB News

**နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်။**

## ထူးခြားသည့် နေ့အပူချိန်များ

(၁၀-၈-၂၀၂၆)

| | | | | |
|---|---|---|---|---|
| ခန္တီး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မိုးညှင်း | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၃၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| သီပေါ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟုမ္မလင်း | ၃၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ကသာ | ၃၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မတ္တရာမြို့နယ်အတွင်း ရေဝင်ရောက်ခဲ့သည့် ကျေးရွာများမှ ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေး၊ ဆန်၊ ဆီ၊ သောက်ရေသန့်၊ စားသောက်ကုန်၊ ဆေးဝါးများနှင့် ထောက်ပံ့ငွေများ ပေးအပ်

မန္တလေး ဩဂုတ် ၁၀

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ မွန်းလွဲပိုင်းက မတ္တရာမြို့နယ် ကျောက်စရစ်ကုန်း(တောင်)ကျေးရွာအုပ်စု ဇီးဖြူပင်ကုန်းကျေးရွာ ရေဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်ပြီး ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေလွှမ်းခဲ့မှုကြောင့် ကျေးရွာအုပ်စု ၁၃ အုပ်စုမှ စိုက်ပျိုးပြီးစီးခဲ့သည့် မိုးစပါး ၁၉၀၈ ဧက၊ အစေ့ထုတ်ပြောင်း ငါးဧက၊ နေကြာ ၁၅ ဧက၊ ကွမ်းခြံဧက ၁၂၀ ထိခိုက်ပျက်စီးခဲ့မှုအပေါ် စနစ်တကျစိစစ်၍ ပြန်လည်စိုက်ပျိုးနိုင်ရေး လိုအပ်သည့် စက်ကိရိယာများ၊ နည်းပညာများ၊ သွင်းအားစုများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်၏ နောက်ဆက်တွဲပါရှိလာတတ်သည့် ကျန်းမာရေးပြဿနာများကို အားလုံးအထူးသတိပြုရှောင်ရှားနေထိုင်သွားကြရန်



အရေးကြီးပါကြောင်းနှင့် ရေများပြန်လည်ကျဆင်းသွားပါက နေရပ်များတွင်ပြန်လည်နေထိုင်နိုင်ရန် သက်ဆိုင်ရာဌာနများက စီမံဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ရေဘေးသင့်အိမ်ခြေ ၈၅ လုံးမှ အိမ်ထောင်စု ၈၅ စု၊ လူဦးရေ ၂၈၅ ဦးကို ဆန်၊ ဆီ၊ သောက်ရေသန့်၊ စားသောက်ကုန်၊ ဆေးဝါးများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဆည်တော်ကြီးရေလှောင်တမံအတွင်း ရေသိုလှောင်နိုင်မှုပမာဏ၊ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေလှောင်တမံအတွင်း သတ်မှတ်ရေလှောင်ပမာဏထက် ကျော်လွန်ဝင်ရောက်ခဲ့မှုနှင့် ရေလှောင်တမံ ကြံ့ခိုင်ရေးအခြေအနေများကို ရှင်းလင်းတင်ပြပြီး ရေဘေးသင့်ပြည်သူတစ်ဦးက ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့် ကျေးဇူးတင်စကားများ ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရေဘေးသင့်ပြည်သူများကို ရင်းနှီးစွာ နှုတ်ဆက်အားပေးစကားများ ပြောကြားပြီး ရေဝင်ရောက်ခဲ့သည့် ကျေးရွာများအတွင်း ရေများပြန်လည်ကျဆင်းနေမှုအခြေအနေများ ကြည့်ရှုစစ်ဆေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်အမှာစကားပြောကြားသည်။

ယနေ့အခမ်းအနားတွင် မန္တလေးမြို့ပေါ်ရှိ ပုသိမ်ကြီးမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်တို့မှ ရပ်ကွက်၊ ကျေးရွာအုပ်စုများ အုပ်ချုပ်ရေးမှူး ၇၈ ဦး တက်ရောက်ခဲ့ကြောင်း၊ တိုင်းဒေသကြီးအတွင်း မိုးကုတ်၊ မြစ်သား၊ ငါန်းဇွန်၊ သာစည်၊ ပျော်ဘွယ်၊ ညောင်ဦး စသည့်မြို့နယ်တို့တွင်လည်း ဖွင့်လှစ်ခဲ့ရာ မန္တလေးမြို့ပေါ်ရှိ မြို့နယ်နှစ်ခုအပါအဝင် မြို့နယ် ရှစ်ခုမှ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ စုစုပေါင်းဦးရေ ၄၃၀ တက်ရောက်ခဲ့ပြီး သင်တန်းများကို သက်ဆိုင်ရာမြို့နယ်များတွင် ဩဂုတ် ၁၀ ရက်မှ စက်တင်ဘာ ၄ ရက်ထိ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးညှိနှိုင်းဆွေးနွေး

ပုသိမ် ဩဂုတ် ၁၀

ရေဘေးသင့်ဒေသများတွင် ဆက်လက်ဆောင်ရွက်ရမည့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းခြင်းနှင့် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်က နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး ရေပြန်လည်ကျဆင်းပါက စိုက်ပျိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန်၊ စပါးပြန်လည်စိုက်ပျိုးနိုင်ရေး မြေယာပြုပြင်ခြင်း၊ စက်ယန္တရား၊ မျိုးစေ့နှင့် သွင်းအားစုများ ကြိုတင်ပြင်ဆင်ထားရန်၊ စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျန်းမာရေး၊ ကူညီထောက်ပံ့ရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို ကြိုတင်တွက်ချက်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး သက်ဆိုင်ရာကော်မတီများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။


ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စေတနာရှင်ပြည်သူများ လှူဒါန်းသည့် အလှူငွေများနှင့် လေးမျက်နှာမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ရုံးဝန်ထမ်းမိသားစုများက လှူဒါန်းသည့် ဆန်အိတ် ၂၀၀ ကို လက်ခံရယူသည်။

အစည်းအဝေးအပြီးတွင် ငါးသိုင်းချောင်းမြို့ ရွှေရေးဆောင်ကျောင်းတိုက်၌ ကျင်းပသည့် ရေကြည်မြို့နယ် ရေဘေးသင့်ပြည်သူများ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်၍ ရေဘေးအခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ရေကြည်မြို့ မြို့မရပ်ကွက် မိတ္ထီလာရိုးချောင်းအတွင်း ရေဝင်ရောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ ညနေပိုင်းကလည်း နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းခြင်းကို မအူပင်မြို့ အမှတ်(၁)ရပ်ကွက် မြို့ရှောင်လမ်းရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)၏ အစည်းအဝေးခန်းမတွင် ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များကို ထပ်ဆင့် ရှင်းလင်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများကို မှာကြားပြီး သက်ဆိုင်ရာဌာနဆိုင်ရာများက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**




# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်




နေပြည်တော် ဩဂုတ် ၁၀

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ဩဂုတ် ၁၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များ အနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ **(မိုး/ဇလ)**

# တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၀**

တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ပျဉ်းမနားမြို့ မဟာဓမ္မိကာရာမအုန်းတောကျောင်းတိုက်၌ ပြုလုပ်ရာ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဩဝါဒါစရိယ ပုဗ္ဗသီရိမြို့ အောင်စည်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစက္ခဏ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။



တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းပွဲကျင်းပစဉ်။

ဦးစွာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဩဝါဒါစရိယ ပုဗ္ဗသီရိမြို့ အောင်စည်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာကြားကြသည်။ ထို့နောက် ဆရာတော်များထံ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းထူး၊ ဒုတိယစစ်ဦးစီး အရာရှိချုပ်(လေ) ဗိုလ်ချုပ်မျိုးအောင်လတ်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသောဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးများကို အောင်စည်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်နှင့် ဆရာတော်၊ သံဃာတော်များထံ စစ်ရေးချုပ်မှ ဦးဆောင်၍ တပ်မတော်(ကြည်း၊ ရေ၊လေ) အရာရှိကြီးများနှင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက အသီးသီး ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇဝနတိက္ခထံမှ သာဓုအနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နေပြည်တော် ပျဉ်းမနားမြို့နယ် ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘိုးဘွားရိပ်သာများအတွက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့လှူဒါန်းမှုအစုစုမှာ အလှူငွေ ၃၄၉ သိန်း ၈ သောင်း ၂ ထောင်ကျပ်၊ ဆန် ၁၀၉၉ အိတ်၊ ဆီ ၃၇၃ ပိဿာ၊ ဆား ပိဿာ ၃၀၃၀၊ ပဲ ပိဿာ ၃၀၃၀၊ တိုင်းရင်းဆေးမျိုးစုံ ၁၆၂၆ ဘူး၊ နိုင်ငံခြားဆေးမျိုးစုံ နှစ်ခြင်းတို့ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (ဒ၀၁)

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများ သွားရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၁၀**

ကျောင်းသားလူငယ်များ မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ နိုင်ငံတော်၏ သမိုင်းကြောင်းနှင့် တပ်မတော်သမိုင်းဆိုင်ရာ အမွေအနှစ်များကို လေ့လာနိုင်ရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင်လက်တွေ့ ယှဉ်တွဲလေ့လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။







ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာစဉ်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (ကျောက်ချက်)မှ ကျောင်းသား၊ ကျောင်းသူများနှင့် အုပ်ချုပ်သူ ဆရာ၊ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူများက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော်(ကြည်း၊ရေ၊လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို တာဝန်ရှိသူများထံ စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။

ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများကိုပါ လေ့လာခဲ့ကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။

လေ့လာရေး သွားရောက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါတယ်-

“ကျွန်တော်တို့ အခုလိုမျိုး လေ့လာခွင့်ရတဲ့အတွက် ဒီအထဲမှာရှိတဲ့ ခေတ်အဆက်ဆက်က နိုင်ငံ့ခေါင်းဆောင်တွေ သူတို့ရဲ့ ရုပ်တုတွေ၊ သူတို့ရဲ့ အသုံးအဆောင်တွေ၊ ပြီးတော့ သူတို့ရဲ့ ပစ္စည်းကိရိယာတွေ အကုန်လုံးကို တစ်နေရာတည်းမှာ လေ့လာခွင့်ရတဲ့အတွက် ဗဟုသုတတွေ အများကြီးရပါတယ်။ ပြီးတော့ အပြင်မှာ ခင်းကျင်းပြသထားတဲ့ လေယာဉ်တွေ၊ သင်္ဘောတွေ၊ ကားတွေ ဒါတွေ အကုန်လုံးကို ကျွန်တော်တို့ တစ်ခါမှမမြင်ဖူးသေးတဲ့အတွက် ဗဟုသုတတွေ အများကြီးရပါတယ်ခင်ဗျာ။ ကျွန်တော်တို့ကို အခုလို လေ့လာခွင့်ရအောင်လို့ အဘက်ဘက်ကနေ ဝိုင်းဝန်းကူညီပေးခဲ့ကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေ၊ ဆရာ၊ ဆရာမတွေ အားလုံးကိုလဲ ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ဒီထဲမှာ ကျွန်တော်တို့ မမြင်ဖူးသေးတဲ့ အရာတွေ အများကြီးလဲ တွေ့ရပါတယ်။ ဗဟုသုတတွေလဲ အများကြီးရစရာရှိပါတယ်။ အဲဒါကြောင့် လာပြီးတော့ လေ့လာကြပါလို့ ဖိတ်ခေါ်အပ်ပါတယ်ခင်ဗျာ”ဟု ပြောသည်။



“သမီးကတော့ နေပြည်တော် ဇေယျာသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ကျောက်ချက်) Grade – 11 မှာ ပညာသင်ယူနေတဲ့ ကျောင်းသူလေး မရတီမွန်မြင့်ဖြစ်ပါတယ်ရှင့်။ ဒီစစ်သမိုင်းပြတိုက်မှာ ဗဟုသုတတွေ အများကြီးရှိပါတယ်ရှင့်။ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးရဖို့အတွက် ကြိုးပမ်းခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ပုဂ္ဂိုလ်ကြီးများ၊ ရဲဘော်သုံးကျိပ်နဲ့ မြန်မာနိုင်ငံရဲ့ နိုင်ငံ့ အကြီးအကဲခေါင်းဆောင်များအကြောင်း၊ နိုင်ငံရဲ့သမိုင်းအကြောင်း ပြီးတော့ မြန်မာနိုင်ငံရဲ့(ကြည်း၊ ရေ၊ လေ) တပ်၊ စက်ကိရိယာ ပစ္စည်းတွေ၊ လေယာဉ်တွေ၊ သင်္ဘောတွေ အစရှိတဲ့ ပစ္စည်းတွေကို လေ့လာကြည့်ရှုခွင့်ရတဲ့အတွက် ဗဟုသုတတွေလဲ အများကြီး ရရှိခဲ့ပါတယ်ရှင့်။ အခုလို သမီးတို့ကို လေ့လာခွင့်ရအောင် လေ့လာရေးခရီးစေလွှတ်ပေးတဲ့ တာဝန်ရှိ နိုင်ငံတော်အကြီးအကဲများ၊ ကျောင်းအုပ်ဆရာမကြီးနဲ့တကွ ဆရာ၊ ဆရာမများ အားလုံးကို အထူးကျေးဇူးတင်မိပါတယ်ရှင့်”ဟု ပြောသည်။ (ဒ၀၁)









# ၂၀၂၆ ခုနှစ် ဇူလိုင်လအထိ Telematic စနစ်တပ်ဆင်ထားသော ကုန်တင်ယာဉ် ၂၅၁၄ စီး၊ ခရီးသည်တင် မှန်လုံယာဉ် ၃၁၈၄ စီးရှိပြီး ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးပေါ်တွင် Telematic စနစ်တပ်ဆင်ပြီး စောင့်ကြည့်ထိန်းသိမ်းခြင်းကို ၂၀၂၄ ခုနှစ် ဩဂုတ်လမှ စတင်ဆောင်ရွက်



နေပြည်တော် ဩဂုတ် ၁၀

၂၀၂၆ ခုနှစ် ဇူလိုင်လထိ Telematic စနစ်တပ်ဆင်ထားသော ကုန်တင်ယာဉ် ၂၅၁၄ စီး၊ ခရီးသည်တင်မှန်လုံယာဉ် ၃၁၈၄ စီးရှိပြီး ရန်ကုန် – မန္တလေး အမြန်လမ်းမကြီးပေါ်တွင် Telematic စနစ်တပ်ဆင်ပြီး စောင့်ကြည့်ထိန်းသိမ်းခြင်းကို ၂၀၂၄ ခုနှစ် ဩဂုတ်လမှ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ETC စနစ်ကိုလည်း RFID (Radio Frequency Identification Device)ပါဝင်သည့်စနစ်သို့ အဆင့်မြှင့်တင်ပြောင်းလဲလျက်ရှိရာ အသုံးပြုသူများ အနေဖြင့် Toll Pass Mobile Application နှင့် ချိတ်ဆက်အသုံးပြုနိုင်ရန် ရန်ကုန် – မန္တလေးလမ်းမကြီးပေါ်ရှိ တိုးဂိတ်ခြောက်ခုတွင်တပ်ဆင်၍ စမ်းသပ်ဆောင်ရွက်လျက်ရှိပြီး မကြာမီအသုံးပြုနိုင်တော့မည်ဖြစ်သည်။

အဆိုပါ Toll Pass RFID စနစ်ပြီးစီးပါက မော်တော်ယာဉ်များ တိုးဂိတ်တွင် ရပ်တန့်စရာမလိုဘဲ Freeflow ဖြတ်သန်းနိုင်ခြင်း၊ အချက်အလက်များ ပိုမိုတိကျမှန်ကန်စွာစုဆောင်းနိုင်ပြီး ငွေသားဖြင့်ပေးဆောင်ရန် မလိုအပ်တော့သဖြင့် လေလွင့်ဆုံးရှုံးမှုများ ပပျောက်ကာ Cash–less စနစ်သို့ ပြောင်းလဲနိုင်ခြင်းစသော အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သိရသည်။

ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးရှိ လမ်းအသုံးပြုခကောက်ခံနေသည့် တိုးဂိတ်များကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာ နေပြည်တော် တိုးဂိတ်၌ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးပေါ်၌ ပုံမှန်သွားလာလျက်ရှိသော ခရီးသည်တင်မှန်လုံယာဉ်ကြီးများနှင့် ကုန်တင်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာဖြင့် စည်းကမ်းတကျမောင်းနှင်စေရေးအတွက် Telematic စနစ်တပ်ဆင်ထားပြီး မော်တော်ယာဉ်များကို စောင့်ကြည့်ထိန်းသိမ်းခြင်း အခြေအနေ၊ ယခင်အသုံးပြုနေသည့် Electronic Toll Collection (ETC) စနစ်ကိုလည်း RFID (Radio Frequency Identification Device) စနစ်ဖြင့် လမ်းအသုံးပြုခပေးချေသည့်စနစ်သို့ အဆင့်မြှင့်တင်ပြောင်းလဲလျက်ရှိပြီး ရန်ကုန် – မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်–ရန်ကုန် လမ်းပိုင်း)ရှိ တိုးဂိတ်သုံးခုတွင် တပ်ဆင်၍ စမ်းသပ်ဆောင်ရွက်မှုအခြေအနေနှင့် ၁၁၅ မိုင် (ဖြူး)တိုးဂိတ်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

## ❑ ရေဘေးကူညီကယ်ဆယ်ရေးမှ

နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ရေဘေးသင့်ပြည်သူများကို ရှာဖွေကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ငဝန်ပန်းတာမှ ရေဝင်လမ်းထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ငဝန်ပန်းတာရေဝင်လမ်းကို (Geobags)အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားသည့်နေရာများရှိ စာသင်ကျောင်းများ၊ လမ်းများတွင် တင်ကျန်ခဲ့သည့် နုန်းမြေများ၊ အမှိုက်များကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ သန့်ရှင်းရေးဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ
နယ်မြေခံတပ်မတော်သားများ၊
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊
လူမှုကယ်ဆယ်ရေးအဖွဲ့များ၊
ပရဟိတအဖွဲ့များနှင့်
ဒေသခံပြည်သူများစုပေါင်း၍
ရေဘေးကယ်ဆယ်ရေး
လုပ်ငန်းများ
ဆောင်ရွက်ကြစဉ်။




အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက စာသင်ကျောင်းများတွင် တင်ကျန်ခဲ့သည့် နုန်းမြေများ၊ အမှိုက်များကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဒေသခံတိုင်းရင်းသားပြည်သူများကို ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

❖ ကယ်ဆယ်ရေးလုပ်ငန်းများမှ

အမှတ်(၂/၃/၄) ရပ်ကွက်များအတွင်း အနိမ့်ပိုင်းနေအိမ်များသို့ ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ ၎င်းရပ်ကွက်အတွင်းမှ ဒေသခံတိုင်းရင်းသား ပြည်သူများကို ယနေ့နံနက်ပိုင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က ကယ်ဆယ်ရေးလှေများ၊ တပ်မတော် မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးခြင်းစသည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ရပ်စောက်မြို့ရှိရေဘေးသင့်ပြည်သူများကို ဇော်ဂျီအားကစားခန်းမနှင့် ဥတ္တံတား ဓမ္မာရုံသို့လည်းကောင်း၊ ကလောမြို့ ရေဘေးသင့်ပြည်သူများကို အမှတ်(၅) ရပ်ကွက် မြို့မပရိယတ္တိစာသင်တိုက်သို့လည်းကောင်း ပြောင်းရွှေ့ပေးပြီး ရေဘေးသင့်ပြည်သူများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက စားသောက်ဖွယ်ရာများနှင့် ရေသန့်ဘူးများ ပေးအပ်ခဲ့ကြသည်။

ထို့ပြင် နယ်မြေခံတပ်မတော် ဆေးရုံမှ နယ်လှည့်ဆေးကုသရေးအဖွဲ့များကလည်း ယာယီရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ ရေဘေးသင့်ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးဆေးစစ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရေဘေးသင့်ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးဆေးစစ်ကုသမှုများ ဆောင်ရွက်ပေးစဉ်။



❍ ပုဂံဒေသမှ

ယနေ့ နံနက်ပိုင်းတွင် စူဠာမဏိဘုရားတောင်ဘက် ဖိုးမောက်ကြီးတောင်ကုန်းပတ်ဝန်းကျင်တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ပုဂံဒေသ၏ လှပသောရှုခင်းများကို နောက်ခံထား၍ မြန်မာကျေးလက်တောင်သူတို့၏ စပါးရိတ်သိမ်းပြီးချိန် စပါးခြွေလှေ့ပုံ၊ နွားများဖြင့် ကောက်ရိုးသယ်ယူပုံ၊ စပါးရိတ်သိမ်းခြွေလှေ့ပြီးချိန် ကောက်ရိုးပုံများ ထားရှိပုံတို့ကိုပြင်ဆင်ကာ မှတ်တမ်းဓာတ်ပုံများရိုက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဓာတ်ပုံပညာရှင်များသည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ၏ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ မှတ်တမ်းဓာတ်ပုံများရယူလျက်ရှိပြီး စူဠာမဏိဘုရားပတ်ဝန်းကျင်၊ မြင်းကပါကျေးရွာ၊ ပြသာဒ်ကြီးဘုရား ပတ်ဝန်းကျင်၊ မင်းနန်သူကျေးရွာ၊ အနောက်ဖွားစောကျေးရွာ ပတ်ဝန်းကျင်တို့တွင်လည်း ရိုက်ကူးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ဒီပါလင်း**

● ဘိန်းဖြူများဖမ်းဆီးရမိမှ

မကြည်ကြည်အေး ခေါ် မကြည်အေး ခေါ် အမိုးနှင့် နန်းမြရင် ခေါ် မအေးငြိမ်းတို့ နှစ်ဦးကို ရောင်စုံပလတ်စတစ်ဆပ်ပြာခွက် ၆၆၀၀ ဖြင့်ထည့်ထားသည့် ဘိန်းဖြူ ၅၉ ဒသမ ၄ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၄၈၅ ဘီလီယံ)ကို HIJET မော်တော်ယာဉ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ ဘိန်းဖြူများကို ချမ်းမြသာစည်မြို့နယ် ၆၁(ဘီ)လမ်းနှင့် ၁၁၁ လမ်းထောင့်တွင် လွှဲပြောင်းပေးခဲ့သူ ကျောက်မဲမြို့နေ စိုင်းနော်ခမ်း(ဖမ်းဆီးရန်ကျန်)နှင့် လားရှိုးမှ မန္တလေးသို့ ပို့ဆောင်ရောင်းချပေးသူမှာ လားရှိုးမြို့နယ်နေ အန်ဇန် (ဖမ်းဆီးရန်ကျန်)တို့ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)



ဖမ်းဆီးရမိ ဘိန်းဖြူများတင်ဆောင်ထားသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။

## ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် “ခ”၊ “ဂ”၊ “ဃ”၊ “င” ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ နေပြည်တော်ရုံး၊ ခရိုင်ရုံး (ရန်ကုန် အရှေ့ပိုင်း)၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)နှင့်ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)နှင့် ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)ရုံးများတွင် ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့်Onlineစနစ်ဖြင့် “ခ”၊ “ဂ”၊ “ဃ”၊ “င” ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၉၀ အတွင်း ကြိုတင်သက်တမ်းတိုးခြင်းအား ၁၇-၇-၂၀၂၆ ရက်(သောကြာနေ့)မှစတင်၍ ဆောင်ရွက်ပေးသွား မည်ဖြစ်ပါသည်။

၂။ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online မှ ဝန်ဆောင်မှုရယူလိုသူများသည် မိမိတို့ Mobile Phone/Tablet အသုံးပြု၍ MM Driver License E-Payment Mobile Application အား Google Play Store မှတစ်ဆင့် download ရယူသုံးစွဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အဆိုပါ စနစ်နှင့်ပတ်သက်၍ အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.mot.gov.mm၊ www.rtad.gov.mm နှင့် www.myanmarrtad.comWebsite များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး မရှင်းလင်းသည်များရှိပါက အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| **ရုံးချုပ်(နေပြည်တော်)** | - | ၀၆၇-၃၄၀၅၀၉၉ |
| **နေပြည်တော်ရုံး** | - | ၀၆၇-၄၅၁၀၀၆၂၊ ၀၆၇-၄၅၁၀၀၆၄ |
| **တိုင်းဒေသကြီးရုံး(ရန်ကုန်)** | - | ၀၉-၈၅၄၉၂၁၀၀၀ |
| **တိုင်းဒေသကြီးရုံး(မန္တလေး)** | - | ၀၉-၄၃၀၉၆၉၈၀ |

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းအတွင်းရှိ ရုံး၊ ဝန်ထမ်းအိမ်ရာ၊ သင်တန်းသားအိပ်ဆောင်၊ စားရိပ်သာများနှင့်လမ်းမများ အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဩဂုတ် ၁၀**

ချင်းပြည်နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းအတွင်းရှိ ရုံး၊ ဝန်ထမ်းအိမ်ရာ၊ သင်တန်းသား အိပ်ဆောင်၊ စားရိပ်သာများနှင့် လမ်းမများကို ခေတ်မီစက်ယန္တရားများ အသုံးပြု၍ အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ပြည်နယ်ဝန်ကြီးများ၊ ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် မြန်မာ့စီးပွားရေးဘဏ် ပြုပြင်ဆောင်ရွက်နေမှု၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ဆောက်လုပ်ရေးရိပ်သာ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနေအိမ်ပြန်လည်ပြုပြင်တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေးနှင့် ပြုပြင်တည်ဆောက်မှုများတွင် စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိစေရေးကို အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့အတူ တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များသည် တီးတိန်မြို့နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးခဲ့သည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၊ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ မြို့နယ်သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနပိုင် အဆောက်အအုံများနှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များသည် မြို့နယ်ဥပဒေရုံးနှင့် မြို့နယ်လျှပ်စစ်ရုံး ပြင်ဆင်ဆောင်ရွက်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းတို့ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၁၀**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားသည်။ **(မိုး/ဇလ)**

## ၂၀၂၆-၂၀၂၇ ပညာသင်နှစ်
## ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ
## (၁၀-၈-၂၀၂၆) ရက်နေ့မှ (၁၄-၈-၂၀၂၆) ရက်နေ့ထိ

၁။ ကျောင်းအခြေပြု ကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်း၊
၂။ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊
၃။ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊
၄။ ကျောင်းအခြေပြု ရောဂါကာကွယ်ရေးလုပ်ငန်း၊
၅။ ကာယပညာနှင့် အားကစားလုပ်ငန်း၊
၆။ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ် ကင်းဝေးရေးလုပ်ငန်း၊
၇။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျောင်းမှပြည်သူတွင်းသို့ မှုမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း၊
၈။ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း၊
၉။ သင်တန်းနှင့် သုတေသနလုပ်ငန်း။

## ၂၀၂၆ ခုနှစ် ဩဂုတ် ၁၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၀၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"တော်လှန်ရေးလုပ်ရင်းနဲ့ ဓားပြဖြစ်လာကြသော စကားဝါမြေမှအညာ PDF များ"** ခေါင်းစဉ်ဖြင့် ၁၂-၈-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၉-၈-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"ရေဘေးသင့်ချင်းတူပေမယ့် အကြမ်းဖက်သမားများကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် အလှမ်းဝေးနေရသောပြည်သူများ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၃၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၀၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ် ပြိုင်ပွဲ ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၁၀

နေပြည်တော်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ဇေယျာသီရိ အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့များ၊ ပြိုင်ပွဲဝင်အသင်းများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ခြောက်သင်းဖြင့် ဩဂုတ် ၁၄ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဒိုင်းဆုရရှိသောအသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဩဂုတ် ၁၀

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သုံးယောက်တွဲဗိုလ်လုပွဲစဉ်ဖြစ်သည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် တောင်ကြီး တပ်နယ်(နယ်မြေ-၁) ကိုယ်စားပြုအသင်း၊ နှစ်ယောက်တွဲဗိုလ်လုပွဲစဉ်ဖြစ်သည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် တောင်ကြီးတပ်နယ် (နယ်မြေ-၂) ကိုယ်စားပြုအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အသင်းလိုက်ဆုရရှိကြသူများ၊ တစ်ဦးချင်းဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဒိုင်းဆုရရှိသောအသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် ဩဂုတ် ၆ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# စစ်ဆင်ရေးတာဝန်များ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ပြီး ရှပ်ရှပ်ချွံချွံတိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဩဂုတ် ၁၀

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ကယားပြည်နယ် လွိုင်လင်လေးမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် လွိုင်ကော်တပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ၊ ဆရာမများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအဖွဲ့များ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တာဝန်ရှိသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ ပန်းကုံးများစွပ်၍လည်းကောင်း ဂုဏ်ပြုကြိုဆိုပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများက အိုးစည်၊ ဒိုးပတ်၊ အတီးအမှုတ်၊ အကအခုန်များဖြင့် သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် လွိုင်ကော်တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုကြစဉ်။



# ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပစဉ်။

နေပြည်တော် ဩဂုတ် ၁၀

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားရုံ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်ဖြစ်သည့် မှော်ဘီတပ်နယ်ကိုယ်စားပြုအသင်းနှင့် မင်္ဂလာဒုံတပ်နယ်ကိုယ်စားပြုအသင်းတို့၏ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၂၂ သင်းဖြင့် ဩဂုတ် ၁၄ ရက် ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေး ခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

■ လဲချားမြို့နယ်မှ


အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေကြောင်း သတင်းအရ ပူးပေါင်းအဖွဲ့များပါဝင်သော တပ်မတော်စစ်ကြောင်းများသည် လိုအပ်သည့်ရှာဖွေစိစစ်မှုများဆောင်ရွက်စဉ် ယနေ့ နံနက်ပိုင်းတွင် လဲချားမြို့နယ် ဆီးဆောကျေးရွာ၏ အရှေ့တောင်ဘက်မီတာ ၂၅၀၀ ခန့်သို့အရောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်တရုတ်နိုင်ငံသား အမျိုးသား၁၇ဦးတို့ကို အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အလျား ပေ ၅၀၊ အနံ ပေ ၂၀၊ အမြင့် ၁၅ ပေ ယာယီအလုပ်ရုံမိုးကာတဲ တစ်လုံး၊ အလျား ပေ ၆၀၊ အနံ ပေ ၂၀၊ အမြင့် ၁၅ ပေ ယာယီလူနေမိုးကာတဲ တစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၀ ပေ ထမင်းချက်ဆောင် မိုးကာတဲ တစ်လုံး၊ အလျား ပေ ၃၀၊ အနံ ပေ ၂၀၊ အမြင့် ၁၅ ပေ ယာယီလူနေမိုးကာတဲ တစ်လုံး၊Star Link ၁၀ စုံ၊ Star Link ဗန်း နှစ်ခု၊ Laptop ၂၅ လုံး၊ Power Station ခြောက်လုံး၊ Wifi U6 Pro ခြောက်ခု၊ Freezer အလတ် တစ်လုံး၊ ပလတ်စတစ် စားပွဲ၊ ကုလားထိုင်များ၊ မီးစက် နှစ်လုံး တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများသည် အဆိုပါနေရာတစ်ဝိုက်ကို ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဆီးဆောရွာ၏ အရှေ့တောင်ဘက် မီတာ ၂၀၀၀ခန့်တွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်တရုတ်နိုင်ငံသား အမျိုးသား ၁၁ ဦးကိုလည်းကောင်း၊ ဆီးဆောရွာ၏ တောင်ဘက် မီတာ ၁၇၀၀ ခန့်တွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ခြောက်ဦးကိုလည်း ကောင်း အသီးသီးထပ်မံဖမ်းဆီးရမိခဲ့ပြီး စုစုပေါင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများပြုလုပ်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၃၄ ဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများကို လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)




ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ဆီးဆောကျေးရွာအနီးတွင် တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ကိုင်လျက်ရှိသည့် တရုတ်နိုင်ငံသား အမျိုးသား ၃၄ ဦးကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုပြမြေပုံ။







လဲချားမြို့နယ် ဆီးဆောကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသားများကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

## ကမ်းနီး၊ကမ်းဝေး ငါးဖမ်းရေယာဉ်များ မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် ရာသီဥတုခိုလှုံနိုင်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၉-၆-၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည် -

(က) ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ် သံတွဲမြို့နယ် သမြုချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ် ဂွမြို့နယ် တင်းတောကျေးရွာအုပ်စု အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြင်ခရိုင် ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနိ ကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ် ရေးမြို့နယ် ဝါးကျွန်းမြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ ဒသမ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပြင်စဘုကျွန်း (PYIN SA BU ISLAND)အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များကို ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး၊ ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်။**

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၀၈၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ဘုတလင် ဩဂုတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၀၈၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၅၇၇၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၀၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ နေကြာဧက ၅၀၀၀ကျော် လျာထားစိုက်ပျိုးခဲ့ရာမှာ ဒီနေ့ထိ ၄၀၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေတယ်။ ပြည်ပမှတစ်ဆင့်ဆီတင်သွင်းမှုကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်ပိုများတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နေကြာစိုက်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက်ပညာပေးသင်တန်းများကို အရှိန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

# မင်းဘူးမြို့နယ် ဇရပ်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

မင်းဘူး ဩဂုတ် ၁၀

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အလှဲပါယ် ကျေးရွာအုပ်စု ဇရပ်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်ရွယ်ချက်နှင့် စပ်လျဉ်းသည့်အကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ဇရပ်ကြီးကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇင်မာ

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမြစ်ချင်းပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

ဝါးခယ်မ ဩဂုတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်း ငါးမြစ်ချင်းပိဿာချိန်အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ငွေငွေဦးက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်းက ငါးမြစ်ချင်းပိဿာချိန် ၄၄၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇူလိုင်လအတွင်း ငါးမြစ်ချင်းပိဿာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒီဘက်ကနေ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်ပစ္စည်းတွေ အများအပြားတင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဇွန်လကထက် ဇူလိုင်လထဲမှာ ငါးမြစ်ချင်းပိဿာချိန် အများအပြားတင်ပို့ရောင်းချခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ဘက်ကနေ အဝယ်လိုက်နေတာကြောင့် တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ရေထွက်ကုန်တွေကို ကုန်လမ်းခရီးကနေ ကုန်တင်ကားတွေနဲ့ အဓိကတင်ပို့ရောင်းချနေပါတယ်"ဟု ဝါးခယ်မမြို့နယ် ရေထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ငွေငွေဦးက ပြောပြသည်။



ဝါးခယ်မမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ရေထွက်ကုန်များကို ဝယ်ယူပြီး စနစ်တကျ ဆိုဒ်ခွဲသန့်စင်စစ်ဆေးကာ ရန်ကုန်ဈေးကွက်သို့ အများဆုံးတင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးမြစ်ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၂၀၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# သံဖြူဇရပ်မြို့နယ် မြမာလာကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

သံဖြူဇရပ် ဩဂုတ် ၁၀

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြမာလာကျေးရွာ၌ သတ္တမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေများ ထုတ်ချေးခြင်းကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆုသန္တာလင်းမှ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေဖြင့် လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများလိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်း ဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ် အကြောင်းအရာများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်း ပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းကော်မတီဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၄၉ ဒသမ ၄ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာစီမံကိန်းကော်မတီဝင်များက မြမာလာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူကိုးဦးကို ငွေကျပ် ၁၂ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၂၃ ဒသမ ၈ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၂ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၁၀ ဒသမ ၂ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူတစ်ဦးကို ငွေကျပ် သုည ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၄ ဦးကို ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းရန်ပုံငွေကျပ် ၄၉ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆုသန္တာလင်းထံမှ သိရသည်။

ချိုလေး

# ဖျာပုံမြို့နယ် ရှမ်းကွင်းခေတ်မီစံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဖျာပုံ ဩဂုတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းကွင်းခေတ်မီစံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထက်အောင်၊ ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးအောင်မြတ်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ရှမ်းကွင်းခေတ်မီစံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ အခြေအနေများနှင့် စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားခြင်းရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးထက်အောင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၁ ဦး စုစုပေါင်း အသင်းသား အသင်းသူ ဦးရေ ၈၀ ကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀ ထုတ်ချေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

တေဇာလင်း

# လမ်းမှန်နည်းမှန်

ဦးကြွယ်ဝချမ်းသာ

**နိဒါန်း**

ဦးဆုံးဖော်ပြချင်တာက **ဆရာခင်မောင်ညို (ဘောဂဗေဒ)**ကို စင်ကာပူနိုင်ငံတွင်း အရောင်းခဲ့ရဆုံး စာအုပ်တစ်အုပ်ကို ၂၀၀၉ ခုနှစ်က ဘာသာပြန်ပေးခဲ့တဲ့ (စာဖတ်သူများကို ကြီးကြီးမားမားထိထိရောက်ရောက်အကျိုးပြုခဲ့တဲ့)အတွက် ကျေးဇူးအထူးတင်မိပါတယ်ဆိုတဲ့ ကျေးဇူးတင်စကားပါ။ အဲဒီစာအုပ်ဟာ ၂၀၀၉ ခုနှစ် ပထမအကြိမ်သာမက ၂၀၁၈ ခုနှစ်မှာ ဒုတိယအကြိမ်အနေနဲ့ စိတ်ကူးချိုချိုက ထပ်မံပုံနှိပ်ထုတ်ဝေပါသေးတယ်။ ရောင်းဈေး ၂၃၀၀ ကျပ်နဲ့ဝယ်ခဲ့ရပေမယ့် စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေးအလုပ်မျိုးကို အသင်းအပင်း၊ အစုအဖွဲ့နဲ့လုပ်ကိုင်ဆောင်ရွက်တာဝန်ယူနေကြသူ သူဌေးများ၊ မန်နေဂျာများ၊ ညွှန်ကြားရေးမှူးများ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အမှုဆောင်အရာရှိချုပ်များ၊ သံအမတ်ကြီးများ၊ လွှတ်တော်အဆင့်ဆင့်က ပြည်သူ့ကိုယ်စားလှယ်(အမတ်)များ၊ စင်ကာပူက **Nanz Chong-Komo နန့်ချွန်းကိုမိုနဲ့ Wee Beng Choo ဝီးဘန်းချူး**ဆိုတဲ့သူတို့ ပြုစုထားတဲ့ သူတို့အတွေ့အကြုံကို လေ့လာအသုံးချနိုင်ကြပါတယ်။ စာဖတ်သူတွေ တိုးတက်မှုအကျိုးရှိစေမှာပါ။

ဘာကြောင့်လဲဆိုရင်တော့ ရှင်းရှင်းလင်းလင်း သိသာထင်ရှားပါတယ်။ သူဖော်ပြထားတဲ့ သူ့အတွေ့အကြုံထဲက အမှားတွေ၊ ဆုံးရှုံးမှုတွေကို ကိုယ့်ဘဝမှာ ရှောင်ရှားတတ်မယ်။ သူ့ဆီက ထိရောက်တဲ့၊ အကျိုးရှိတဲ့နည်းနာတွေကိုအတုယူပြီး ကိုယ့်အတွက် အလွယ်တကူအသုံးချနိုင်လာတယ်။ လက်တွေ့လုပ်ရတာကောင်းပါတယ်။

စာတွေ့လေ့လာပြီး လက်တွေ့လုပ်ရင်ပိုကောင်းနိုင်တာပေ့ါ။ ပြောစရာလိုသေးလား။ စာတွေ့လေ့လာမှုလဲ အားနည်းတယ်။ လက်တွေ့မှာဖြစ်နိုင်စွမ်း လေ့လာမှုတို့၊ သုတေသနတွေ့ရှိချက်တို့မကိုးကားဘဲ စိတ်ကူးပေါ်ရာလျှောက်လုပ်နေခဲ့လို့ ချာလပတ်ယမ်းနေတဲ့လူတွေနဲ့ ဝိုင်းကြီးပတ်ပတ်ဒူဝေဝေကစားခဲ့ကြတာလေ။

**ခေါင်းစဉ်**

လူသုံးများတာက နည်းမှန်လမ်းမှန်လို့ပဲ ပြောကြ၊ ရေးကြမဟုတ်လား။ ဒီဆောင်းပါးရဲ့ ခေါင်းစဉ်က လမ်းမှန်နည်းမှန်လို့ဘာကြောင့်ရေးတာလဲ။ ဟုတ်ကဲ့ ရှင်းပြပါမယ်။ အင်္ဂလိပ်လို Ways and Means နည်းလမ်းကိုရေးတာသဘောကျလို့ ရေးခြင်းမဟုတ်ပါ။ လမ်းဆိုတာက အဖွဲ့အစည်းရဲ့ခေါင်းဆောင်ရဲ့ ရွေးချယ်ဆုံးဖြတ်ချက်နဲ့ ရွေးချယ်တာပါ။ လမ်းစဉ်၊ လမ်းကြောင်း၊ မူဝါဒ။

နည်း သို့မဟုတ် နည်းလမ်းကတော့ လက်အောက် အရာထမ်း၊ ခေါင်းဆောင်အဆင့်ဆင့်၊ ကျွမ်းကျင်သူများက ရွေးချယ်ဆောင်ရွက်ကြရတာ မဟုတ်လား။ သူဌေးအလုပ်နဲ့ မန်နေဂျာအလုပ်ကို သဲသဲကွဲကွဲ၊ တိတိကျကျခွဲခြားနားလည်ရပါမယ်။ ကွပ်ကဲသူက လမ်းစဉ်၊ မူဝါဒ၊ လမ်းကြောင်း၊ သူ့ရဲ့ လိုလားချက်ကို ပြောရတယ်။ **What to do.**

မန်နေဂျာက အဲဒါကိုအောင်မြင်အောင်အကောင်အထည်ဖော်ဖို့ရာ နည်းလမ်းပေါင်းများစွာရှိတဲ့အထဲက အကောင်းဆုံးနည်းလမ်းတစ်ခုကို သူကရွေးတတ်ရတယ်။ **How to do.**

တကယ်တော့ မူဝါဒလမ်းစဉ်နဲ့ နည်းလမ်းနဲ့ အတတ်ပညာ လက်တွေ့လုပ်ငန်းစဉ်က သဟဇာတ၊ အညမညပူးပေါင်းလက်တွဲ အကောင်အထည်ဖော်တတ်ကြရပါတယ်။ ကိုယ့်တာဝန် ကိုယ့်အပိုင်းကို ရေရေရာရာသိရပါမယ်။

❖ **လူသုံးများတာက နည်းမှန်လမ်းမှန်လို့ပဲ ပြောကြ၊ ရေးကြမဟုတ်လား။ ဒီဆောင်းပါးရဲ့ခေါင်းစဉ်က လမ်းမှန်နည်းမှန်လို့ ဘာကြောင့်ရေးတာလဲ။ ဟုတ်ကဲ့ရှင်းပြပါမယ်။ အင်္ဂလိပ်လို Ways and Means နည်းလမ်းကိုရေးတာသဘောကျလို့ ရေးခြင်းမဟုတ်ပါ။ လမ်းဆိုတာက အဖွဲ့အစည်းရဲ့ခေါင်းဆောင်ရဲ့ ရွေးချယ်ဆုံးဖြတ်ချက်နဲ့ ရွေးချယ်တာပါ။ လမ်းစဉ်၊ လမ်းကြောင်း၊ မူဝါဒ။ နည်းသို့မဟုတ် နည်းလမ်းကတော့ လက်အောက်အရာထမ်း၊ ခေါင်းဆောင်အဆင့်ဆင့်၊ ကျွမ်းကျင်သူများက ရွေးချယ်ဆောင်ရွက်ကြရတာမဟုတ်လား။ သူဌေးအလုပ်နဲ့ မန်နေဂျာအလုပ်ကို သဲသဲကွဲကွဲ၊ တိတိကျကျ ခွဲခြားနားလည်ရပါမယ်။** ❖

**သူ့အတွေ့အကြုံ**

"One Bussiness 99 Lessons" အဲဒီစာအုပ်ကို ဖတ်ပြီး မိမိနားလည်ခဲ့ပြီးတဲ့ ဗဟုသုတအပြင် ပိုမိုအသေးစိတ်တဲ့ သူတို့ရဲ့အောင်မြင်မှု၊ ဆုံးရှုံးမှု၊ အခက်အခဲ၊ ဖြေရှင်းပုံနည်းလမ်း၊ အတွေ့အကြုံတွေဟာ စီးပွားရေးလုပ်ငန်းသဘော သိမြင်ရတာဖြစ်ပေမယ့် လူမှုရေး၊ နိုင်ငံရေး၊ စစ်ရေးစစ်ရာကိစ္စတွေမှာလဲအသုံးချရင် အကျိုးရှိတာတွေ တွေ့လိုက်ရတယ်။ တရုတ်စစ်သူကြီးဆွန်ဇုရဲ့ သေနင်္ဗျူဟာစစ်ပညာကို လက်တွေ့စီးပွားရေးမှာ အသုံးချနေခဲ့ကြလို့ ဂျပန်၊ စင်ကာပူ၊ တောင်ကိုရီးယား၊ တရုတ်၊ ဗီယက်နမ်တို့ဟာ ၂၁ ရာစုမှာ ၂၀ ရာစုနဲ့မတူတော့ဘဲ အရှိန်အဟုန်နဲ့တိုးတက်ပြောင်းလဲသွားခဲ့ကြပြီလေ။

**တို့ဆီမှာ**

စစ်ပညာနည်းနာများ၊ စီးပွားရေးနည်းနာများ၊ စာရင်းအင်းနည်းပညာ၊ သုတေသနနည်းပညာ၊ စီမံမှုအတတ်ပညာ စတဲ့နယ်ပယ်အသီးသီးက ကောင်းနိုးရာရာတွေကို ရယူအသုံးချတတ်ရင် သူတို့လိုပဲကောင်းကျိုးရမှာပဲပေ့ါ။ မှန်တာပြောရရင် အင်္ဂလိပ်စာမှာ အားနည်းခဲ့ကြတော့ နိုင်ငံတကာတိုးတက်ပြောင်းလဲမှုတွေကို ဂဃနဏရှင်းရှင်းလင်းလင်းမသိခဲ့ကြပါ။ ကိုယ့်နိုင်ငံအတွင်းပဲ ငုံ့ကြည့်ပြီး အမြင်ကျဉ်းကျဉ်းလေးနဲ့ ငြင်းခုံရန်ဖြစ်၊ တိုက်ခိုက်၊ အကြမ်းဖက်ဆူပူဖျက်ဆီး၊ မတရားနှိပ်စက်သတ်ဖြတ်။

အသိဉာဏ်နိမ့်ပါးခြင်းရဲ့ ဆိုးကျိုးသက်ရောက်မှုတွေဟာ နာတာရှည်ဒဏ်ရာဒဏ်ချက်တွေဖြစ်စေပါလား။ ငေးငိုင်တွေဝေ၊ ရပ်ကြည့်နေလို့ မပြီးဘူး။ စာတွေပေတွေလေ့လာဖတ်ရှုကြပြီး ထိထိရောက်ရောက်လက်တွေ့အသုံးချတတ်ကြအောင် ကျယ်ကျယ်ပြန့်ပြန့်ပညာပေးကြရပါမယ်။ ပညာရေးကောင်းမွန်မှသာ ခေတ်ကိုတိုးတက်အောင်ပြောင်းလဲနိုင်ပါလိမ့်မယ်။

စာသင်ကျောင်းတွေမီးရှို့။ ဆရာ၊ ဆရာမတွေ ခေါင်းဖြတ်၊ ဓားနဲ့ခုတ်သတ်၊ အမိုက်ဇာတ်တွေ ရပ်တန့်ကြတော့လေ။ ကြည့်မနေကြနဲ့တော့။ **နန့်ချွန်းကိုမိုနဲ့ ဝီးဘန်းချူး** (စင်ကာပူစီးပွားရေးသမား)နှစ်ယောက်ရေးထားတဲ့ ၉၉ ချက်စလုံး ပြန်ရေးမပြနိုင်ပါ။ အဲဒါကိုဖတ်ပြီး စာရေးသူစိတ်ထဲပေါ်လာတာတွေသာ ဆက်လက်တင်ပြပါရစေ။ အကျယ်သိချင်ရင် အဲဒီစာအုပ်ကို စာကြည့်တိုက်များမှာရှာငှားဖတ်ပေ့ါခင်ဗျာ။

**စိတ်ကူးပေါ်လာ**

၁။ အသက်အရွယ်ငယ်ငယ်ကြီးကြီး ဒိုင်ယာရီနေ့စဉ်မှတ်တမ်း ရေးစေချင်တယ်။ သူတို့စာအုပ်ဖြစ်လာအောင်၊ ရောင်းအကောင်းဆုံးအတွေ့အကြုံမှတ်တမ်းအနေနဲ့ ပြန်ထုတ်နိုင်အောင် သူတို့က နေ့စဉ်အလုပ်မှတ်တမ်းရေးခဲ့ကြလို့ပဲ။ ရေးမှတ်သူမှန်သမျှတော်လာကြတာပဲ။ ရဟန်းသံဃာတော်တွေ ပညာတော်ကြ၊ ထူးချွန်ကြတာဟာ ရေးတာ၊ ကျက်တာ၊ ဖတ်တာများလို့ပဲ။

၂။ အမြင်ကျယ်ကျယ်ကြည့်မြင်ပါ။ သူတစ်ပါးကို၊ ပတ်ဝန်းကျင်ကို အပြစ်မရှာရဘူး။ မိမိရဲ့ အားသာချက်၊ အားနည်းချက်ကို သိအောင်ကြည့်ပါ။ သုံးသပ်ပါ။ မိမိရဲ့ ချို့ယွင်းချက်၊ အားနည်းချက်ကိုသာ ပြုပြင်ရမှာဖြစ်ပါတယ်။ အမြင်ကကြည်လင်ရမယ်။ ဝေဝေဝါးဝါးမဖြစ်စေနဲ့။ မျက်စိမှုန်ရင် မျက်စိဆရာဝန်သွားပြ၊ မျက်မှန်တပ်သင့်ရင်တပ်၊ ကုဖို့လိုရင် စောစောကုသ။ အမြင်မှန်ဖို့ အရေးကြီးတယ်နော်။

၃။ လမ်းလွဲရင်ပြင်ပါ။ အမှားသိရင် အမှန်ပြင်ပါ။ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးရဲထွတ်၊ ဗိုလ်သက်ထွန်း၊ မောင်စူးစမ်း(ရဲဘော်ချမ်းအေး)၊ မောင်သာနိုး စတဲ့လက်ဝဲခေါင်းဆောင်တွေဟာ ဘဝသင်ခန်းစာအရ လမ်းကြောင်းမှားမှန်းသိတဲ့အခါ လမ်းမှန်ဘက်သို့ ပြောင်းလဲရောက်ရှိလာခဲ့ကြတယ်လေ။ သေတဲ့အထိပဲ အလွဲအမှားကို တရားသေကိုင်စွဲသွားတဲ့လူတွေလဲ ရှိတာပေ့ါလေ။ တိုင်းပြည်နစ်နာရှာတာမဟုတ်လား။

၄။ ရည်ရွယ်ချက်မထွေပြားရဘူး။

(က) လောကကောင်းကျိုးအတွက် ရည်ရွယ်ရမယ်။

(ခ) နိုင်ငံနဲ့လူမျိုးအတွက် ဦးစားပေးရမယ်။

(ဂ) မိမိဘဝကို တိုးတက်အောင်ပြုစုပျိုးထောင်တည်ဆောက်တာဟာ လောကတ္ထစရိယ၊ ဉာတတ္ထစရိယဆိုတဲ့မူဝါဒအခြေခံရမယ်။ ကိုယ်ကျိုးကြည့်ပြီး ရှေ့ကနှစ်ခုကို ဆန့်ကျင်ပစ်ပယ်တာမျိုး ဘယ်တော့မှမရွေးချယ်သင့်။

၅။ ကိုယ်ရောက်ချင်တဲ့ ပန်းတိုင်တစ်ခုကိုသာ တိတိကျကျကြိုးစားခြင်းဟာ အဓိဋ္ဌာန်ပါရမီခေါ်တယ်။ ဘုရားလောင်းရဲ့ကျင့်စဉ်ကောင်းပဲ။ အောင်မြင်မှာပေ့ါ။

၆။ ကိုယ်သွားရောက်မယ့်ပန်းတိုင်ရောက်ဖို့ရာ ဒီအချက်တွေ လေ့လာသိရှိသင့်တယ်။

(က) မိမိရည်မှန်းချက်ပန်းတိုင်(ဘာလဲချရေး)

(ခ) အနှောင့်အယှက်၊ အတားအဆီး၊ ရန်သူရန်ဘက် ဘာတွေရင်ဆိုင်ရမလဲ

(ဂ) ပကတိမြေပြင်အခြေအနေ၊ ရာသီဥတု လမ်းကြောင်းအခြေအနေ ကြိုတင်လေ့လာ

(ဃ) မိမိမှာရှိတဲ့အင်အား

(င) ဘေးနံမဟာမိတ်၊အားပေးထောက်ကူသူ

(စ) ရွေ့လျား၊ ရွေ့ပြောင်းနိုင်မှု

(ဆ) အချိန်တာ (အတိုင်းအတာ၊ နှစ်၊ လ စသည်)

ဒါတွေကို ရေရေရာရာရေးချမှတ်သားရမယ်။ အချို့ခေါင်းဆောင်တွေ၊ ဌာနအကြီးအကဲတွေ သူတို့တာဝန်ယူရမယ့်နေရာကို တက်ထိုင်ကြတယ်။ ဘာမှထိရောက်အောင်၊ နိုင်ငံအတွက်၊ သူ့အဖွဲ့အစည်းအတွက် ကောင်းရာကောင်းကျိုး တိုးတက်အောင် အကောင်အထည်ဖော်နိုင်စွမ်းနည်းပါးကြတာ တွေ့မြင်ရတယ်။

၇။ ကိုယ့်အလုပ်ထဲမှာ စေတနာပါပါစေ။ စေတနာပါတဲ့ ကုမ္ပဏီ၊ စေတနာပါတဲ့ဆိုင်၊ စေတနာပါတဲ့ဆေးရုံ အောင်မြင်တာပဲ။

၈။ မိမိကိုယ်ကို ယုံကြည်မှုရှိပါ။ ကိုယ့်ရဲ့အောင်မြင်မှုကို အိပ်ရာထဲဖြစ်စေ၊ ကွင်းပြင်ထဲမှာဖြစ်စေ ကျယ်ကျယ်ပြောပါ။ များများပြောပါ။ ဒီလိုအခါခါပြောရင် အားတက်မှုဟာ ထင်တာထက် ထိရောက်တယ်။ မိမိကိုယ်ကိုယ်ယုံကြည်မှုမရှိတဲ့လူတွေရဲ့ မျက်နှာမျိုးဟာ အားကိုးချင်စရာမမြင်ရဘူး။

၉။ မိမိကိုယ်ကို တန်ဖိုးထားပါ။ တန်ဖိုးမြှင့်ပါ။ ကိုယ်ကျင့်တရားကောင်းပါစေ။ စာရိတ္တဟာ အစမ်းသပ်ခံနိုင်အောင် ဖြူစင်ဖြောင့်မှန်ပါစေ။ အောင်မြင်မှာပဲ။(သီလဝတောစေတောပဏိဓိဝိသုဒ္ဓတ္တာတဲ့။ ကိုယ်ကျင့်စာရိတ္တကောင်းတဲ့လူကို ဘယ်အဖျက်သမားကမှ မဖျက်ဆီးနိုင်ဘူး။ အတားအဆီးများကို မုချအောင်မြင်မှာပဲတဲ့)

၁၀။ ဆုံးရှုံးမှုတွေရှိတတ်တာကို နားလည်ပါ။ အကျယ်မဖော်ပြတတ်ပါ။ စာဖတ်သူလေ့လာဆင်ခြင်ပါ။ စာများများဖတ်ပါ။

၁၁။ ရှင်းရှင်းတွေး၊ ရှင်းရှင်းရေး၊ ရှင်းရှင်းပြော၊ ရှင်းရှင်းလုပ်၊ ရှုပ်ရှုပ်ထွေးထွေးမတွေးနဲ့၊ မကြံစည်နဲ့၊ မလုပ်လေနဲ့။

**နိဂုံး**

၁၂။ အာရုံစူးစိုက်ပါ။ မိမိအလုပ်အပေါ်မှာချစ်ခင်လေးစားတန်ဖိုးထားပြီး

၁၃။ သူတစ်ပါးကို အရင်ကူညီပါ။ သင်ဟာ ပိုမိုအောင်မြင်လာမှာမုချပဲ။

၁၄။ ကိုယ့်ကိုယ်ကိုယ်သိပါ။ ကိုယ့်အကြောင်း ကိုယ်သိရမယ်။

၁၅။ ဉာဏ်ပညာကို အသုံးချပါ။

၁၆။ ကိုယ်မြင်သလို သူများလဲမြင်ကြပါစေ။

၁၇။ သင်တန်းတွေပေးပါ။ လေ့ကျင့်ရေးကို တန်ဖိုးထားပါ။

# စင်ကာပူနိုင်ငံ၏ AI သို့မဟုတ် အာရှ၏ အယုံကြည်ရဆုံး ဉာဏ်ရည်တုဗဟိုချက် တည်ဆောက်ခြင်း



**❖ စင်ကာပူနိုင်ငံ၏ AI မဟာဗျူဟာအတွက် ထူးခြားသော အင်္ဂါရပ်တစ်ခုမှာ "လူထုကောင်းကျိုးအတွက် AI "ကို အလေးပေးခြင်းဖြစ်သည်။ စီးပွားဖြစ်အောင်မြင်မှုတစ်ခုတည်းကို အာရုံစိုက်မည့်အစား မူဝါဒချမှတ်သူများသည် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ သယ်ယူပို့ဆောင်ရေး၊ အများပြည်သူအုပ်ချုပ်ရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲမှုကို တိုးတက်စေသည့်နည်းလမ်းများဖြင့် AI ကို အသုံးချရန်ရှာဖွေကြသည်။ ❖**

ကမ္ဘာလုံးဆိုင်ရာ ဉာဏ်ရည်တု (AI) ပြိုင်ပွဲတွင် အရွယ်အစားသည် အောင်မြင်မှု၏ အဆုံးအဖြတ်ပေးသည့်အချက်မဟုတ်တော့ချေ။ အနာဂတ်အမြင်၊ အုပ်ချုပ်မှု၊ ဆန်းသစ်တီထွင်မှုနှင့် မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုတို့သည် ယှဉ်ပြိုင်နိုင်စွမ်း၏ မောင်းနှင်အားများ ဖြစ်လာခဲ့သည်။ ကမ္ဘာ့ AI ခေါင်းဆောင်များထဲတွင် စင်ကာပူနိုင်ငံကဲ့သို့သော နိုင်ငံငယ်လေးတစ်ခုသည် နည်းပညာကို အသုံးချ၍ မမျှတသော ကမ္ဘာလုံးဆိုင်ရာ သက်ရောက်မှုကို မည်သို့ ဖန်တီးနိုင်သလဲဆိုသော ထူးခြားမှုတစ်ခု ပေါ်ထွက်လာခဲ့သည်။

လွန်ခဲ့သောဆယ်စုနှစ်အတွင်း စင်ကာပူနိုင်ငံသည် ဒေသတွင်းဘဏ္ဍာရေးဗဟိုချက်မှ အာရှ၏ အဆင့်မြင့်ဆုံး ဒစ်ဂျစ်တယ်စီးပွားရေးသုံးနိုင်ငံတစ်ခုအဖြစ်သို့ပြောင်းလဲခဲ့သည်။ ယနေ့ခေတ်တွင် ဉာဏ်ရည်တုသည် စင်ကာပူနိုင်ငံ၏ စီးပွားရေးအသွင်ပြောင်းရေး မဟာဗျူဟာ၏ အဓိကနေရာတွင် ရပ်တည်နေသည်။ AI ကို နည်းပညာဆိုင်ရာ လမ်းကြောင်းတစ်ခုအဖြစ်သာ သဘောထားမည့်အစား စင်ကာပူသည် အနာဂတ်ထုတ်လုပ်မှု၊ စက်မှုလုပ်ငန်းယှဉ်ပြိုင်နိုင်စွမ်း၊ အများပြည်သူဝန်ဆောင်မှုများနှင့် စီးပွားရေးပြန်လည်ကောင်းမွန်လာမှုကို ပုံဖော်ပေးမည့် အမျိုးသားစွမ်းရည်တစ်ခုအဖြစ် ရှုမြင်ထားသည်။

၂၀၂၃ ခုနှစ်တွင် အမျိုးသား AI မဟာဗျူဟာ (NAIS) 2.0 စတင်ခြင်းနှင့်၎င်း၏ ၂၀၂၆ ခုနှစ် Updated လုပ်ခြင်းတို့ဖြင့် စင်ကာပူသည် ကမ္ဘာ့အယုံကြည်ရဆုံး AI ဗဟိုချက်တစ်ခုဖြစ်လာရန် ၎င်း၏ရည်မှန်းချက်ကို အရှိန်မြှင့်တင်ခဲ့သည်။ အစိုးရသည် အဓိက စက်မှုလုပ်ငန်းများတွင် AI လက်ခံကျင့်သုံးမှု၊ တာဝန်ယူမှုရှိသော အုပ်ချုပ်မှု၊ အရည်အချင်းဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတကာ မိတ်ဖက်များကို အလေးပေးရန် ၎င်း၏ဦးစားပေးများကို ပြန်လည်ဆန်းသစ်ခဲ့သည်။ ဤအစပျိုးမှုများသည် ပိုမိုကျယ်ပြန့်သော အနာဂတ်အမြင်ကို ထင်ဟပ်စေသည်။ ထို့ပြင် AI သည် စီးပွားရေးတိုးတက်မှုနှင့် အများပြည်သူအကျိုးနှစ်မျိုးလုံးကို အကျိုးပြုသည်။

**အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအနေဖြင့် ရှိနေသော AI**

AI ဖွံ့ဖြိုးတိုးတက်မှုကို ပုဂ္ဂလိကနည်းပညာကုမ္ပဏီများက အဓိကမောင်းနှင်သည့် နိုင်ငံများစွာနှင့်မတူဘဲ စင်ကာပူသည် ညှိနှိုင်းထားသော အမျိုးသားချဉ်းကပ်မှုကို လက်ခံကျင့်သုံးခဲ့သည်။ အစိုးရသည် တက္ကသိုလ်များ၊ နိုင်ငံစုံကော်ပိုရေးရှင်းများ၊ Startup များနှင့် သုတေသနဌာနများနှင့် တက်ကြွစွာပူးပေါင်း၍ ပေါင်းစပ် AI ဂေဟစနစ်တစ်ခုတည်ဆောက်သည်။

စင်ကာပူ၏ AI မဟာဗျူဟာသည် အဓိကအချက်များစွာပေါ်တွင် အခြေခံထားသည်။ ၎င်းတို့မှာ ကမ္ဘာ့အဆင့်မီ AI အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အချင်းပြည့်ဝသော AI အလုပ်သမားအင်အားတည်ဆောက်ရေး၊ တာဝန်ယူမှုရှိသော AI အုပ်ချုပ်မှုကိုအားပေးခြင်း၊ စက်မှုလုပ်ငန်းများတွင် AI လက်ခံအသုံးပြုမှုကို အရှိန်မြှင့်တင်ခြင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေခြင်းတို့ဖြစ်သည်။

ဤအစိုးရတစ်ရပ်လုံး၏ ချဉ်းကပ်မှုက နည်းပညာဆန်းသစ်တီထွင်မှုသည် သီးခြားဖွံ့ဖြိုးတိုးတက်မှုထက် အမျိုးသားဦးစားပေးများနှင့် ကိုက်ညီစေသည်။

စင်ကာပူနိုင်ငံ၏ AI မဟာဗျူဟာအတွက် ထူးခြားသော အင်္ဂါရပ်တစ်ခုမှာ "လူထုကောင်းကျိုးအတွက် AI "ကို အလေးပေးခြင်းဖြစ်သည်။ စီးပွားဖြစ်အောင်မြင်မှုတစ်ခုတည်းကို အာရုံစိုက်မည့်အစား မူဝါဒချမှတ်သူများသည် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ သယ်ယူပို့ဆောင်ရေး၊ အများပြည်သူအုပ်ချုပ်ရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲမှုကို တိုးတက်စေသည့်နည်းလမ်းများဖြင့် AI ကို အသုံးချရန် ရှာဖွေကြသည်။

**AI စီးပွားရေးတွင် ရင်းနှီးမြှုပ်နှံခြင်း**

စင်ကာပူနိုင်ငံသည် AI တွင် ရေရှည်ဦးဆောင်မှုအတွက် သိသာထင်ရှားသော ရေရှည်ရင်းနှီးမြှုပ်နှံမှုလိုအပ်ကြောင်း အသိအမှတ်ပြုသည်။ အစိုးရသည် AI သုတေသန၊ ကွန်ပျူတာအခြေခံအဆောက်အအုံ၊ အရည်အချင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုလုပ်ငန်းအသွင်ပြောင်းမှုကို အားကောင်းစေရန် ငါးနှစ်အတွင်း စင်ကာပူ ဒေါ်လာ ၁ ဘီလီယံကျော် ကတိပြုထားသည်။ ဤရန်ပုံငွေသည် အဆင့်မြင့်သုတေသန၊ AI အသင့်ဖြစ်စေသော အခြေခံအဆောက်အအုံနှင့် စီးပွားရေးလုပ်ငန်းများအား AI ကို ၎င်းတို့၏ လုပ်ငန်းများတွင် ပေါင်းစပ်ရန် ကူညီပေးသည့် မိတ်ဖက်များကို ပံ့ပိုးပေးသည်။

AI အောင်မြင်မှုသည် နည်းပညာကဲ့သို့ပင် လူများအပေါ်မူတည်ကြောင်း အသိအမှတ်ပြုသည့်အနေဖြင့် စင်ကာပူနိုင်ငံသည် ပညာသင်ဆုများ၊ တက္ကသိုလ်အစီအစဉ်များနှင့် ပရော်ဖက်ရှင်နယ်သင်တန်းများကို တိုးချဲ့ခဲ့သည်။ စင်ကာပူအမျိုးသားတက္ကသိုလ် (NUS) နှင့် နန်ယန်နည်းပညာတက္ကသိုလ် (NTU) ကဲ့သို့သော အဖွဲ့အစည်းများသည် AI သုတေသနတွင် ဒေသတွင်းခေါင်းဆောင်များဖြစ်လာခဲ့ပြီး ထိပ်တန်းနည်းပညာကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ၎င်းသည် ကျောင်းသားများနှင့် ပရော်ဖက်ရှင်နယ်များကို ခေတ်မီကိရိယာများဖြင့် လက်တွေ့အတွေ့အကြုံများ ရရှိစေသည်။ ရည်ရွယ်ချက်မှာ AI ကျွမ်းကျင်သူများကို ဖန်တီးရန်သာမက စီးပွားရေး၏ကဏ္ဍတိုင်းတွင် AI ကို အသုံးချနိုင်သော AI စာတတ်မြောက်သော လုပ်သားအင်အားကို တည်ဆောက်ရန်ဖြစ်သည်။

**အဓိကစက်မှုလုပ်ငန်းများကို ပြောင်းလဲခြင်း**

စင်ကာပူနိုင်ငံ၏ AI မဟာဗျူဟာသည် စီးပွားရေးတိုးတက်မှုကို မောင်းနှင်သည့် ကဏ္ဍများတွင် လက်တွေ့အသုံးချမှုကို အာရုံစိုက်သည်။ ၎င်းတို့မှာ....

**(၁) ကျန်းမာရေးစောင့်ရှောက်မှု**

ဆေးရုံများသည် ဆေးဘက်ဆိုင်ရာပုံရိပ်ဖော်ခြင်း၊ ရောဂါရှာဖွေခြင်း၊ ကုသမှုစီမံကိန်းရေးဆွဲခြင်းနှင့် ဆေးရုံအရင်းအမြစ်စီမံခန့်ခွဲမှုတို့တွင် အထောက်အကူပြုရန် AI ကို ပိုမိုအသုံးပြုလာကြသည်။ AI သည် ဆရာဝန်များအား ရောဂါများကို စောစီးစွာသိရှိနိုင်စေပြီး ထိရောက်မှုကို မြှင့်တင်ပေးပြီး ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်များကို လျှော့ချပေးသည်။

**ဘဏ္ဍာရေးဝန်ဆောင်မှုများ**

အာရှ၏ ထိပ်တန်းဘဏ္ဍာရေးဗဟိုချက်တစ်ခုအနေဖြင့် စင်ကာပူနိုင်ငံသည် ဘဏ်လုပ်ငန်း၊ အာမခံ၊ ချမ်းသာကြွယ်ဝမှုစီမံခန့်ခွဲမှု၊ လိမ်လည်မှုရှာဖွေခြင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် ဆိုက်ဘာလုံခြုံရေးတို့တွင် AI ကို ကျင့်ဝတ်ဆိုင်ရာ စိုးရိမ်မှုများကို မလွဲမသွေဖြစ်ပေါ်စေသည်။ စင်ကာပူသည် တာဝန်ယူမှုရှိသော AI အုပ်ချုပ်မှုတွင် ကမ္ဘာလုံးဆိုင်ရာ ဦးဆောင်သူအဖြစ် ရပ်တည်ခြင်းဖြင့် တုံ့ပြန်ခဲ့သည်။ ဆန်းသစ်တီထွင်မှုကို နှေးကွေးစေနိုင်သည့် ကန့်သတ်ချက်များ ချမှတ်မည့်အစား စင်ကာပူသည် လူထုယုံကြည်မှုကို ကာကွယ်ရင်း နည်းပညာတိုးတက်မှုကို အားပေးသည့်ဟန်ချက်ညီသော မူဘောင်တစ်ခုကို ရှာဖွေနေသည်။

စင်ကာပူ၏ AI အုပ်ချုပ်မှုပုံစံသည်ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တရားမျှတမှု၊ လူသားကြီးကြပ်မှုနှင့် နိုင်ငံတကာ အပြန်အလှန်လည်ပတ်နိုင်မှုတို့ကို အလေးပေးဖော်ပြထားသည်။

စင်ကာပူနိုင်ငံသည် AI စံနှုန်းများ၊ ဒစ်ဂျစ်တယ်ယုံကြည်မှုနှင့် နယ်စပ်ဖြတ်ကျော်အုပ်ချုပ်မှုဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာ ဆွေးနွေးမှုများတွင် ၎င်း၏အခန်းကဏ္ဍကိုလည်း အားကောင်းစေခဲ့ပြီး ယုံကြည်စိတ်ချရသော ဒစ်ဂျစ်တယ်စီးပွားရေးအဖြစ် ၎င်း၏ဂုဏ်သတင်းကို ခိုင်မာစေခဲ့သည်။

**AI ပါရမီရှင်နှင့် ဆန်းသစ်တီထွင်မှုကို အားကောင်းစေခြင်း**

AI စီးပွားရေးတိုင်းအတွက် အဓိကစိန်ခေါ်မှုမှာ ကျွမ်းကျင်ပညာရှင်များ ပြတ်လပ်မှုဖြစ်သည်။ စင်ကာပူနိုင်ငံသည် ပညာရေး၊ တစ်သက်တာသင်ယူမှုနှင့် ကမ္ဘာလုံးဆိုင်ရာ ပါရမီရှင်ဆွဲဆောင်မှုတို့တွင် ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် ဤပြဿနာကို ဖြေရှင်းသည်။

တက္ကသိုလ်များသည် AI သုတေသနကို ဆက်လက်တိုးချဲ့နေပြီး အစိုးရထောက်ပံ့သော လုပ်ဆောင်မှုများသည် အလုပ်သမားများကို ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း တစ်လျှောက်လုံး AI ကျွမ်းကျင်မှုများရရှိစေရန် ကူညီပေးသည်။ စက်မှုလုပ်ငန်းမိတ်ဖက်များသည် ဘွဲ့ရများကို အလျင်အမြန်ပြောင်းလဲနေသော နည်းပညာဆိုင်ရာ လိုအပ်ချက်များအတွက် အသင့်ဖြစ်စေရန် ကူညီပေးသည်။

စင်ကာပူနိုင်ငံသည် တက်ကြွသော Startup ဂေဟစနစ်ကိုလည်း ပြုစုပျိုးထောင်ပေးသည်။ AI Startup များသည် သုတေသနထောက်ပံ့ငွေများ၊ လုပ်ငန်းအရင်းအနှီးကွန်ရက်များ၊ လုပ်ငန်းအရှိန်မြှင့်တင်ပေးသူများနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ပံ့ပိုးမှုရရှိကြသည်။ ဤကုမ္ပဏီများသည် ကျန်းမာရေးစောင့်ရှောက်မှု၊ ထောက်ပံ့ပို့ဆောင်ရေး၊ ပညာရေးနည်းပညာ၊ ဆိုက်ဘာလုံခြုံရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုတို့ လက်ခံကျင့်သုံးခဲ့သည်။ ဘဏ္ဍာရေးအဖွဲ့အစည်းများသည် အန္တရာယ်အကဲဖြတ်မှုကို တိုးတက်စေရန်၊ ဖောက်သည် ဝန်ဆောင်မှုကို အလိုအလျောက်လုပ်ဆောင်ရန်နှင့် ငွေကြေးထုတ်ကုန်များကို စိတ်ကြိုက်ပြင်ဆင်ရန်အတွက် AI ၏ နည်းပညာများကို အသုံးပြုလျက်ရှိကြသည်။

**ဆက်လက်ဖော်ပြပါမည်။**

**မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)**

# ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ၂၆၇၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကသာ ဩဂုတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ၂၆၇၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကသာခရိုင်တွင် မြို့နယ်အလိုက် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံ စုစုပေါင်း ၅၆၉၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကသာမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၅၈၇ ဧက၊ ဖူးစားပြောင်း ၄၉၇ ဧက၊ အင်းတော်မြို့နယ်တွင် ဖူးစားပြောင်းဧက ၉၂၀၊ ထီးချိုင့်မြို့နယ်တွင် ဖူးစားပြောင်း ဧက ၂၁၀ နှင့် ဗန်းမောက်မြို့နယ်တွင် ဖူးစားပြောင်း ဧက ၄၆၀ စုစုပေါင်း ၂၆၇၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကသာခရိုင်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းသီးနှံ စုစုပေါင်း ဧက ၅၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ယခုနှစ် ကသာခရိုင်တွင် ပြောင်းသီးနှံစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်းနှင့် ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက် လာနိုင်မည်ဖြစ်ရာ ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# သထုံမြို့နယ် သရက်တောကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

သထုံ ဩဂုတ် ၁၀

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်တောကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ( VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သထုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၂ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် သရက်တောကျေးရွာ ကျေးရွာမတည်ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၇ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၂ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၁၀ ဒသမ ၈ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၁၁ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၈၀ကို VRFP စီမံကိန်း ရန်ပုံငွေကျပ် ၃၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သထုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သုတ**









## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အထက-(၁၇)၊ Grade- 12 တွင် ပညာသင်ကြားနေသော မခင်နှံ့သာ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမြင့်စိုး** ဖြစ်ပါကြောင်း။

**ဦးမြင့်စိုး(၈/နမန(နိုင်)၁၀၅၃၉၁)**

## ကျောင်းသားအမည်မှန်နှင့် မိဘအမည်မှန်

ချမ်းအေးသာစံမြို့နယ်၊ Unity Private School၊ Grade-5တန်းတွင် ပညာသင်ကြားနေသော မောင်ခန့်မင်းညို၏ အမည်မှန်မှာ မောင်ခန့်မင်းမြတ်ဖြစ်ပြီး ၎င်း၏မိဘအမည်မှန်မှာ **ဦးခင်မောင်စိုးနှင့် ဒေါ်ထွေးယယ်** ဖြစ်ပါကြောင်း။

**ဦးခင်မောင်စိုး၊ ဒေါ်ထွေးယယ်**

## ဖခင်အမည်မှန်

တံတားဦးမြို့၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၊ Grade-11(ကောဒသမတန်း)တွင် ပညာသင်ကြားနေသော မောင်အောင်ခိုင်စိုး၏ ဖခင်အမည်မှန်မှာ **ဦးသိန်းထွန်းဦး** ဖြစ်ပါကြောင်း။

**ဦးသိန်းထွန်းဦး(၉/တတဉ(နိုင်)၀၇၈၂၈၆)**

## အမည်မှန်

မြစ်သားမြို့နယ်၊ အထက(ခွဲ)၊ ကျောက်ဆောက်ကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးကျော်သန်း(၉/ကဆန(နိုင်)၀၂၀၅၄၆)၏သမီး မအိခိုင်ဇင်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မအိခိုင်ဇင်မွန်** ဖြစ်ပါကြောင်း။

**မအိခိုင်ဇင်မွန်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ပိုးတန်းရပ်ကွက်၊ နယ်မြေ(၁၂)နေ (ဘ) ဦးသန်းငွေဝင်း(၅/စကန(နိုင်)၀၁၂၄၄၅)၊ မိခင် ဒေါ်ဥမ္မာသန်း(၅/စကန(နိုင်)၀၁၂၅၄၆)တို့၏သား မောင်သန့်(၅/စကန(နိုင်)၂၆၀၆၂၆)သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေသောကြောင့် ၎င်းအား ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းငွေဝင်း**
**ဒေါ်ဥမ္မာသန်း**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁)ရပ်ကွက်၊ အရှေ့လားသော် ဦးဝင်းနိုင်၊ အနောက်လားသော်လမ်း၊ တောင်လားသော် ဒေါ်သင်းသင်းခိုင်၊ မြောက်လားသော်လမ်း ယင်းအနားလေးရပ်အတွင်းရှိ ဦးစိန်ဝင်း(၉/မခန(နိုင်)၀၁၉၄၈၁) ကိုင်ဆောင်သူမှ အလျား (၃၀'-၀"၊ အနံ ၃၀'-၀") နံကပ်(၁)ထပ်အဆောက်အဦး ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ပျောက်ဆုံးကြောင်း

နောင်ချိုမြို့နယ်၊ သရက်ကုန်းကျေးရွာနေ ဦးဇိနာနန္ဒာလက်ာရ (ဘ) ဦးနေဝင်း(၁၃/နခတ(သ)၀၀၀၆၀၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-924485)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-402794643**

## ပျောက်ဆုံးကြောင်း

နောင်ချိုမြို့နယ်၊ သရက်ကုန်းကျေးရွာနေ ဦးကေလာသာလက်ာရ (ဘ) ဦးကိုနီ(၁၃/နခတ(သ)၀၀၀၆၂၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-792810)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-5228381**

**အဖိုးတန်**
**ရေချိုကို**
**ချွေတာပါ**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**အိမ်ပြင်ပဥ္စထွန်းသောမီးများကို**
**နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့်**
**လျှပ်စစ်ကိုချွေတာပါ**

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ နိပွန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ နိပွန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ရုံးတော် ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ ပြည်သူများက ရွေးကောက်တင်မြှောက်ခဲ့သည့် စာမျက်နှာ ၁၉ ကော်လံ ၁ ☆



**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နိပွန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ (NDAA)တို့ တွေ့ဆုံဆွေးနွေး**

စာမျက်နှာ - ၁၉

**စည်းလုံးခြင်း၊ စည်းကမ်းရှိခြင်း၊ အလုပ်လုပ်ခြင်းဖြင့် နိုင်ငံတော်အနာဂတ်**

ဆောင်းပါး စာမျက်နှာ - ၁၀

# ရပ်စောက်မြို့နှင့် ကလောမြို့အတွင်းရှိ ရေဘေးသင့်ဒေသခံပြည်သူများကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် ဩဂုတ် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇော်ဂျီမြစ်ရေ ရေကြီးရေလျှံဖြစ်ပွားပြီး ဇော်ဂျီရပ်ကွက်၊ ဥတ္တံတားရပ်ကွက်၊ ကလောမြို့ ကလောချောင်းရေ ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် စာမျက်နှာ ၂၃ ကော်လံ ၁ ❖

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံတိုင်းရင်းသားပြည်သူများကို ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# လဲချားမြို့နယ် ဆီးဆောကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၃၄ ဦးကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



လဲချားမြို့နယ် ဆီးဆောကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသားများနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၁၀

မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နယ်မြေဒေသအသီးသီး၌ ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သောပူးပေါင်းအဖွဲ့များဖြင့် ရှာဖွေစစ်ဆေးဖော်ထုတ်မှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်အတွင်း စာမျက်နှာ ၂၆ ကော်လံ ၁ ■

# ချမ်းမြသာစည်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅၉ ကီလိုကျော် ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၀

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၃ ရက် ည ၈ နာရီခွဲတွင် သတင်းအရ ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက် ၁၀၇(F)လမ်း ၄၈ လမ်းနှင့် ၄၉ လမ်းကြား၌ စာမျက်နှာ ၂၃ ကော်လံ ၄ ●

မကြည်ကြည်အေး ခေါ် ကြည်အေး ခေါ် အမိုး၊ နန်းမြရင် ခေါ် မအေးငြိမ်း တို့ကို သိမ်းဆည်းရမိ ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

